# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (23-12-2015) (၈၄၂၃)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်ဘုရင်မွေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂၃**

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သည့် ဂျပန်ဘုရင် အာကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျပန်ဘုရင် အာကီဟီတိုနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့သည်။

**(သတင်းစဉ်)**

### ထူးခြားသည့် ညအပူချိန်များ

| | | |
|---|---|---|
| ဟားခါး | ၂ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၃ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၄ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၄ | ဒီဂရီစင်တီဂရိတ် |
| ခန္တီး | ၄ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၄ | ဒီဂရီစင်တီဂရိတ် |




ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှ ကိုယ်စားလှယ်များနှင့် မိုင်းလားအထူးဒေသ(၄)ဥက္ကဋ္ဌနှင့်အဖွဲ့တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆွေးနွေးကြစဉ်။ (သတင်းစဉ်)

# အထူးဒေသ(၄) မိုင်းလားမြို့၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့သို့ ရောက်ရှိကြရာ မိုင်းလားအထူးဒေသ(၄)ဥက္ကဋ္ဌ ဦးစိုင်းလင်း၊ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၃ သို့ ❖**

### ယနေ့ မာတိကာ


**၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်း**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

စာမျက်နှာ - ၇

**မြန်မာနိုင်ငံယဉ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း**

စာမျက်နှာ - ၉

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း**

စာမျက်နှာ - ၉

**မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း**

စာမျက်နှာ - ၉


### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

## (၃၄)ကြိမ်မြောက်မြန်မာ့ပုလဲရောင်းချပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ (၃၄)ကြိမ်မြောက် မြန်မာကျပ်ငွေဖြင့် မြန်မာ့ပုလဲရောင်းချပွဲကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ စတင်ကျင်းပသည်။ **(ယာပုံ)**

ပုလဲရောင်းချပွဲတွင် အတွဲပေါင်း ၃၇၆ တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ယနေ့တွင် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို လာရောက်ကြည့်ရှုသူများနှင့် စည်ကားလျက်ရှိသည်။ ပုလဲအတွဲအမှတ်(၁)မှ (၁၂၇) အထိကို ဒီဇင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ အတွဲအမှတ်(၁၂၈)မှ (၂၅၃)ကို ညနေ(၄)နာရီတွင်လည်းကောင်း၊ အတွဲအမှတ်(၂၅၄) မှ (၃၇၆) အထိကို ဒီဇင်ဘာ ၂၄ ရက်တွင်လည်းကောင်း တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ပုလဲရောင်းချပွဲများအနေဖြင့် နှစ်လယ်ပြပွဲ၊ အထူးပြပွဲ၊ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲအပါအဝင် ပြပွဲပေါင်း(၁၁၉) ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**






အတွေးအမြင်

ကြေးမုံစာတည်းရှုထောင့် ၂၃-၁၂-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# အနာဂတ်ဖွံ့ဖြိုးမှုများ မျှော်ထောင်

ဒီမိုကရေစီအစိုးရသက်တမ်း ငါးနှစ်တာကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ခဲ့ရာ အောင်မြင်မှုအတိုင်းအတာတစ်ခုအထိ ရရှိခဲ့သည်ဟုဆိုရမည်ဖြစ်သည်။ ထိုအောင်မြင်မှုများတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင် သိသိသာသာ အောင်မြင်ခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးသည့် ဈေးကွက်စီးပွားရေးကို ပီပြင်စွာ အကောင်အထည်ဖော်လျက်ရှိရာ ဒေသတွင်းနှင့် နိုင်ငံတကာစီးပွားရေး အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာစေမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုပါ လုပ်ကိုင်ခွင့်ပြုပေးခဲ့သည်။ ထိုရင်းနှီးမြှုပ်နှံမှုများတွင် အထူးစီးပွားရေးဇုန်များမှာ ထင်ရှားသည့် အကြီးစားလုပ်ငန်းကြီးများ ဖြစ်လာသည်။

မြန်မာနိုင်ငံအရှေ့ပိုင်းတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မူဆယ်ဗဟိုစီးပွားရေးဇုန်ကို ၂၀၁၃ ခုနှစ်က စတင်တည်ဆောက်လျက်ရှိပြီး စီမံကိန်းတစ်ခုလုံး၏ အခြေခံအဆောက်အအုံတည်ဆောက်မှု ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ အဆိုပါစီးပွားရေးဇုန်တွင် အားကစားကွင်း၊ အပန်းဖြေဥယျာဉ်၊ ဈေးဆိုင်ခန်းများ၊ ကျောက်မျက်ရတနာဈေး၊ ဂိတ်ဝင်၊ ဂိတ်ထွက်နှင့် လူနေအိမ်ရာများပါဝင်ပြီး စီမံကိန်းပြီးစီးပါက နယ်စပ်ကုန်သွယ်မှု ဗဟိုစီးပွားရေးဇုန် ဖြစ်လာမည်မှာသေချာပါသည်။

မြန်မာနိုင်ငံအနောက်ပိုင်းတွင် ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်မြို့နယ်တို့ လွှမ်းခြုံပါဝင်မည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းကို အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းတွင် အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် အကောက်ခွန်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းများ၊ အထွေထွေစက်မှုလုပ်ငန်းများနှင့် အသိပညာနှင့် အရင်းအနှီးသုံးစက်မှုလုပ်ငန်းများ ပါဝင်မည်ဖြစ်၍ စီမံကိန်းအကောင်အထည်ဖော်နိုင်ပါက မြန်မာနိုင်ငံအနောက်ပိုင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမည်ဖြစ်သည်။

မြန်မာနိုင်ငံတောင်ပိုင်းတွင် ထားဝယ်အထူးစီးပွားရေးဇုန်ကို အစောပိုင်းကာလကတည်းက စီစဉ်အကောင်အထည်ဖော်လျက်ရှိသည်။ ထိုစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းပါဝင်ပြီး နိုင်ငံဖြတ်ကျော် အဝေးပြေးလမ်းမကြီးများပါဝင်သည်။ မူလက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ တာဝန်ယူလုပ်ကိုင်ခဲ့ပြီး ယခုဂျပန်နိုင်ငံပါ ပါဝင်ရင်းနှီးမြှုပ်နှံလာသည်။ စီမံကိန်းတွင် ရေနက်ဆိပ်ကမ်းတစ်ခု၊ စက်မှုဇုန်တစ်ခု၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုနှင့် ပစိဖိတ်နှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ဆက်သွယ်ပေးမည့်လမ်းကြောင်းများ ပါဝင်သည်ဟု သိရသည်။ ကြီးမားကျယ်ပြန့်သော စီမံကိန်းကြီးဖြစ်၍ အချိန်ယူလုပ်ကိုင်နေရသည်။ စီမံကိန်းပြီးစီးပါက အလုပ်အကိုင် တစ်သိန်းခန့်ရရှိနိုင်မည်ဟု ခန့်မှန်းထားသဖြင့် တစ်ဖက်နိုင်ငံတွင် ပင်ပန်းဆင်းရဲစွာလုပ်ကိုင်နေရသည့် မြန်မာနိုင်ငံသားများအတွက် အခွင့်အလမ်းကောင်းများ ဖြစ်လာနိုင်သည်။

မြန်မာနိုင်ငံအောက်ပိုင်းတွင် ရန်ကုန်မြို့အနီး၌ သီလဝါအထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်လျက်ရှိရာ အောင်မြင်မှုအစောဆုံးရရှိမည့် စီမံကိန်းဖြစ်နိုင်သည်။ လက်တွေ့စတင်အကောင်အထည်ဖော်နိုင်သောအထူးစီးပွားရေးဇုန်ဖြစ်ပြီး ဂျပန်နိုင်ငံ၏ စိတ်ပါဝင်စားမှုအပြည့်အဝရရှိခဲ့သဖြင့် လုပ်ငန်းများကို သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်နေကြောင်း သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် ယမန်နှစ် နိုဝင်ဘာလမှ ယခုနှစ် ဒီဇင်ဘာလ ယခုအချိန်အထိ နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ကုမ္ပဏီ ၄၈ ခုအား ရင်းနှီးမြှုပ်နှံမှုပြုခဲ့ပြီး ကုမ္ပဏီ ၄၆ ခုအား မှတ်ပုံတင်ခွင့်ပြုထားသည်။ လေကြောင်း၊ ရေကြောင်းကုန်သွယ်စီးပွားရေးလုပ်ငန်းများပါဝင်သည့် အထူးစီးပွားရေးဇုန်တွင် လက်ရှိကုမ္ပဏီ ၄၈ ခု၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်နေပြီဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအောက်ပိုင်းနှင့်အရှေ့၊ အနောက် ဗဟိုအချက်အချာကျသောနေရာများတွင် အထူးစီးပွားရေးဇုန်များကို ဤသို့တည်ဆောက်နိုင်သောကြောင့် မြန်မာနိုင်ငံ၏အနာဂတ်မှာ ၂၀၂၀ ခုနှစ်ရောက်သည့် ကာလတွင် အရှေ့တောင်အာရှ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာမည်မှာ သေချာပါသည်။ ။

## သစ်တောကဏ္ဍတွင် သယံဇာတထုတ်လုပ်သော စီးပွားရေးလုပ်ငန်းများမှ ဂေဟစနစ်ဝန်ဆောင်မှုစီးပွားရေးလုပ်ငန်းများအဖြစ် ပြောင်းလဲလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနှင့်အညီ သစ်တောကဏ္ဍတွင် သယံဇာတထုတ်လုပ်သော စီးပွားရေးလုပ်ငန်းများမှသည် ဂေဟစနစ်ဝန်ဆောင်မှုစီးပွားရေးလုပ်ငန်းများအဖြစ် ပြုပြင်ပြောင်းလဲလျက်ရှိကြောင်း ဒီဇင်ဘာ ၂၁ ရက်က နေပြည်တော် သစ်တောဦးစီးဌာနရုံးချုပ်၌ ပြုလုပ်သည့် သစ်တောသုတေသနဌာန နှစ်ပတ်လည်စာတမ်းဖတ်ပွဲ အခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ဇင်က ပြောကြားခဲ့သည်။

ထို့ပြင် ယခုရင်ဆိုင်နေရသည့် လူမှုစီးပွားရေးနှင့် မြေအသုံးချမှုပြောင်းလဲခြင်းဆိုင်ရာကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲမှု၊ စားနပ်ရိက္ခာရှားပါးမှု၊ ဆင်းရဲနွမ်းပါးမှု၊ ရေသယံဇာတရှားပါးမှု၊ စွမ်းအင်အရင်းအမြစ်များ လျော့နည်းလာမှု၊ ဇီဝမျိုးစုံမျိုးကွဲများပျောက်ကွယ်လာမှု၊ သဲကန္တာရဖြစ်ထွန်းမှု စသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို သစ်တောသုတေသနစွမ်းပကားဖြင့် ဖြတ်ကျော်ဖြေရှင်းနိုင်ရန်လည်း ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် သစ်တောသုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်မှာ (၃၇)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး သုတေသနစာတမ်းဖတ်ပွဲ (၂၆) ကြိမ် ကျင်းပနိုင်ခဲ့ကာ သုတေသနစာတမ်းပေါင်း ၃၀၂ စောင် ပြုစုနိုင်ခဲ့ကြောင်း သိရသည်။

ယခုကျင်းပသည့် သုတေသနစာတမ်းဖတ်ပွဲတွင် သစ်တောပညာရပ်နယ်ပယ်များအလိုက် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် စာတမ်းပေါင်း အစောင် ၃၀ ဖတ်ကြားတင်သွင်းကြမည်ဖြစ်သည်။

**(ကြေးမုံ)**




## နေပြည်တော်ကျေးလက်ဦးစီးဌာန ရုံးသစ်များဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းရုံးနှင့်ခရိုင်ရုံး အဆောက်အအုံသစ်များ ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၈ ရက် နံနက် ၉နာရီက ဒက္ခိဏထွေ/အုပ်ရုံးအနောက်ဘက်ရှိ အဆိုပါရုံးများ ရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ တိုင်းဦးစီးမှူးဦးကိုကိုနိုင်တို့က တိုင်းရုံးကို ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ ခရိုင်ရုံးသစ်အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ ဒက္ခိဏ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦး၊ ခရိုင်ဦးစီးမှူး ဦးစိုးလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အဆောက်အအုံသစ်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတိုင်းဦးစီးမှူး ဦးကိုကိုနိုင်က ရုံးအဆောက်အအုံသစ်များ ဆောက်လုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်းသိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## ဂျပန်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ် ဂျပန်ရုပ်ရှင်ပွဲတော် မန္တလေးမြို့တွင်ပြသ

**မန္တလေး ဒီဇင်ဘာ ၂၂**

ဂျပန်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ ဂျပန်ရုပ်ရှင်ပွဲတော်ကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်(၈၄)လမ်း၊ (၃၂)လမ်းနှင့် (၃၃)လမ်းရှိ ဝင်းလိုက်အဆင့်မြင့်ရုပ်ရှင်ရုံတွင် ညနေ ၃ နာရီခွဲနှင့် ညနေ ၆ နာရီခွဲ နှစ်ပွဲအား အခမဲ့ပြသခဲ့သည်။ ဂျပန်ရုပ်ရှင်ပွဲတော်တွင် ဂျပန်လူငယ်တို့၏ ဖြူစင်မေတ္တာကို ဖော်ညွှန်းသော Beyond the Memories၊ Jinxiii၊ My Pretend Girlfriend၊ It All Began when I Met You ဇာတ်ကားလေးကားပြသရာလူငယ်များ အထူးနှစ်သက်ကြသည်။



ဂျပန်ရုပ်ရှင်ပွဲတော်သို့ ပြန်ကြားရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးကျော်၊ ဂျပန်သံရုံးသတင်းနှင့် ယဉ်ကျေးမှုဆိုင်ရာပထမအတွင်းဝန် Mr. Matsuoka yusuke နှင့်တာဝန်ရှိသူများလာရောက်အားပေးပြီး မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ဂျပန်ဘာသာအထူးပြု ကျောင်းသားကျောင်းသူများ၊ ဟိတိုစင်တာမှ ကျောင်းသားများ၊ ရုပ်ရှင်ချစ်မြတ်နိုးသည့်လူငယ်များ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်(ရွှေဈေး) ၇၄၆၃၀၀ - ၇၄၇၃၀၀ မန္တလေး(ရွှေဈေး) ၇၄၅၈၀၀ - ၇၄၆၈၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၀၀/၆၃၀ ကျပ်၊ | ၆၆၀/၆၈၀ ကျပ် |
| (ခ) အောက်တိန်း *95* | တစ်လီတာ | ၇၃၀/၇၅၀ ကျပ်၊ | ၈၃၀/၉၃၀ ကျပ် |
| (ဂ) အောက်တိန်း *92* | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၀၀/၇၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၄၀ ကျပ်၊ အောက်တိန်း *92* တစ်လီတာ ၅၂၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၀၉. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၂၈. ၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၁. ၉၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆. ၂၂၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄. ၇၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၇၅၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၈၁. ၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁. ၂၃ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၄၂. ၆၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၃၀. ၆၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

## ပြည်တွင်းရေးရာ

# နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှု စနစ်တကျရှိစေရေးနှင့် ဝန်ကြီးဌာနများလွှဲပြောင်းမှုချောမွေ့အဆင်ပြေစေရေး ပထမအကြိမ် ညှိနှိုင်းစည်းဝေး



(ဓာတ်ပုံ - ပြန်/ဆက်)

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အကြီးအကဲတာဝန် လွှဲပြောင်းမှုအထောက်အကူပြုကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အသွင်ကူးပြောင်းရေးအဖွဲ့တို့အကြား ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲတာဝန် လွှဲပြောင်းသည့်အခမ်းအနားကို နိုင်ငံတော်သမ္မတ အိမ်တော်တွင် ကျင်းပနိုင်ရေးဆိုင်ရာ လျာထားချက်များ၊ ဝန်ကြီးဌာနများအလိုက် စနစ်တကျ လွှဲပြောင်းနိုင်ရေးအတွက် လွှဲပြောင်းပေးရမည့် လုပ်ငန်းစဉ်များအား ရှင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို နှစ်ဖက်ညှိနှိုင်း၍ သတ်မှတ်သွားမည်ဖြစ်သည်။

အစည်းအဝေးသို့ နိုင်ငံတော်အကြီးအကဲတာဝန် လွှဲပြောင်းမှုအထောက်အကူပြုကော်မတီမှ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အုန်းနှင့် နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူး ဦးဇော်ဌေးတို့ တက်ရောက်ခဲ့ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အသွင်ကူးပြောင်းရေးအဖွဲ့မှအဖွဲ့ခေါင်းဆောင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးဝင်းထိန်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးအောင်နှင့်ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်(အငြိမ်းစား) ဒေါက်တာအောင်သူတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**




# ဆီးဂိမ်းပြိုင်ပွဲရွေးချယ်နိုင်ရေး ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံကြက်တောင်ရိုက် မျိုးဆက်သစ်ပေါ်ထွန်းရေးနှင့် လာမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ လက်ရွေးစင်ရွေးချယ်နိုင်ရေးအတွက် (၁၆) ကြိမ်မြောက် ဂရိတ်ဝေါအမျိုးသားတံခွန်စိုက်ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်တွင် ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲကျင်းပရတဲ့ရည်ရွယ်ချက်ကတော့ အချက်သုံးချက်ရှိပါတယ်။ ပထမအချက်အနေနဲ့ကတော့ မြန်မာ့ကြက်တောင်အားကစားအနေနဲ့ အရှေ့တောင်အာရှကနေ အာရှအဆင့်ပြီးတော့ ကမ္ဘာ့အဆင့်ထိပါ ထိုးဖောက်နိုင်ရန်၊ ဒုတိယအချက်ကတော့ လာမယ့် (၂၉)ကြိမ်မြောက် ပြိုင်ပွဲမှာလည်း ဒီပြိုင်ပွဲရဲ့ ဆုရရှိတဲ့အားကစားသမားတွေထဲက ထပ်မံရွေးချယ်လေ့ကျင့်သွားဖို့နဲ့ တတိယအချက်ကတော့ အခုလို သက်တမ်းလိုက်ပြိုင်ပွဲတွေကို လုပ်ပေးခြင်းအားဖြင့် မြန်မာ့ကြက်တောင်အားကစားကို တစ်ဖက်တစ်လမ်းက မြှင့်တင်ပေးခြင်းဖြင့် အကျိုးအမြတ်ရရှိမှာဖြစ်ပါတယ်"ဟု မြန်မာ့ကြက်တောင်အားကစားအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဘရန်မိုင်က ပြောသည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်သည့် ပြိုင်ပွဲဝင်အမျိုးအစားများမှာ အသက်(၁၉)နှစ်အောက် အမျိုးသား အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၁၉)နှစ်အောက် အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ သာမန်တန်းအမျိုးသား အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ အကြီးတန်းအမျိုးသား အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲနှင့် အကြီးတန်းအမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့သည်။ ပြိုင်ပွဲတစ်မျိုးချင်းစီ၏ ဆုရမှုမှာ အသက်(၁၉)နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုအဖြစ် မောင်စိုင်းဝမ်းဖိတ်(မြို့မ)၊ အသက်(၁၉)နှစ်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မလင်းလက်ဖြိုး(ငှက်ခါး)၊ အသက်(၁၉)နှစ်အောက် အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုအဖြစ် မင်းမဟာတိုး(ငှက်ခါး)နှင့် စိုင်းဝမ်းဖိတ်(မြို့မ)၊ အသက်(၁၉)နှစ်အောက် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ချစ်စိမ့်သူနှင့် လင်းလက်ဖြိုး(ငှက်ခါး)၊ သာမန်တန်း အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် အောင်ထွန်းဦး(ရွှေစွန်ညို)နှင့် ပြည့်စုံအောင်(Top Star)၊ သာမန်တန်း အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် သဇင်နှင့် အိသန္တာကြူ(ဧရာဝတီ)၊ အကြီးတန်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် အောင်မျိုးထူး( Shining Star)၊ အကြီးတန်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် သက်ထားသူဇာ(ငှက်ခါး)နှင့် အကြီးတန်း အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် ချမ်းဝင်းဦး(တနင်္သာရီ)နှင့် အောင်မျိုးထူး (Shining Star)တို့က ပထမဆုဖလားများကို အသီးသီး ဆွတ်ခူးရရှိသွားသည်။

၂၀၁၅ ခုနှစ် (၁၆)ကြိမ်မြောက် ဂရိတ်ဝေါအမျိုးသားတံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ပြည်တွင်းကြက်တောင်ရိုက်အားကစားအသင်းပေါင်း ၃၀ မှ ပြိုင်ပွဲဝင်အားကစားသမား ၁၃၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

**❖ အထူးဒေသ(၄)မှ**

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် မိုင်းလားအထူးဒေသ(၄)ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် မိုင်းလားမြို့ ရွှေဟသ်ာဟိုတယ်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် မိုင်းလား အထူးဒေသ (၄) ဥက္ကဋ္ဌ ဦးစိုင်းလင်းက မိမိတို့ အဖွဲ့အစည်းအနေဖြင့် **နိုင်ငံတော်သမ္မတကြီး၏ ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်မှုဖြစ်စဉ်များနှင့် တိုးတက်မှုများအပေါ် ထောက်ခံကြိုဆိုပါကြောင်း၊** မိမိတို့အဖွဲ့သည် နိုင်ငံတော်မှ ခွဲထွက်ခြင်းပြုလုပ်မည်မဟုတ်ဘဲ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ထိန်းသွားမည်ဖြစ်ပါကြောင်း၊ နှစ်ဖက်ချုပ်ဆိုခဲ့သည့် ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို လေးစားလိုက်နာသွားမည်ဖြစ်ပြီး ပဋိပက္ခများကို တွေ့ဆုံဆွေးနွေးခြင်းမှတစ်ဆင့် အဖြေရှာသည့် နည်းလမ်းကို ကျင့်သုံးသွားမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းရှိ တိုင်းရင်းသားညီအစ်ကိုများနှင့်အတူ နိုင်ငံရေးဆွေးနွေးပွဲကို ပါဝင်တက်ရောက်ရန် ဆန္ဒရှိပါကြောင်း၊ မိမိတို့နှင့်ရရှိခဲ့သည့် ငြိမ်းချမ်းရေး ၂၆ နှစ်တာကာလအတွင်း နိုင်ငံတော်အစိုးရ အဆက်ဆက်ဆောင်ရွက်ခဲ့သည့် တိုင်းရင်းသားပြန်လည်ရင်ကြားစေ့ရေးမူဝါဒသည် မိမိတို့ဒေသအတွက် ကောင်းမွန်သော အခြေခံကောင်းများကို ဖော်ဆောင်ပေးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ယင်းနောက် မိုင်းလားအထူးဒေသ(၄) အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မူးယစ်ဆေးဝါးနှိမ်နင်းရေး၊ လမ်းတံတား၊ လျှပ်စစ်၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က နိုင်ငံတော်အနေဖြင့် ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစနစ်တို့ကိုအခြေခံသော နိုင်ငံတော်ကို ထူထောင်မည်ဟု ပြောကြားပြီးဖြစ်ပါကြောင်း၊ ထို့အတူ တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့်လည်း ခွဲထွက်ခြင်းမူအားစွန့်လွှတ်ပြီး နိုင်ငံတော်အတွင်း အတူတကွ လက်တွဲနေထိုင်ကြမည်ဟုလည်းကောင်း၊ လက်နက်ကိုင်အဖွဲ့အစည်း အားလုံးကလည်း ပြည်တွင်းပဋိပက္ခများကို လက်နက်ကိုင်လမ်းစဉ်ဖြင့် ဖြေရှင်းမည့်အစား တွေ့ဆုံညှိနှိုင်းခြင်းနည်းလမ်းဖြင့် အဖြေရှာကြမည်ဟုလည်းကောင်း အတွေးအခေါ်ပြောင်းလဲခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံရေးပဋိပက္ခများကို နိုင်ငံရေးစားပွဲဝိုင်းတွင်သာ အဖြေရှာကြရမည်ဖြစ်ပါကြောင်း၊ လာမည့် ဇန်နဝါရီ ၁၂ ရက်တွင် ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးပွဲ ဆောင်ရွက်ရန်ရှိပါကြောင်း၊ မိုင်းလားအထူးဒေသ(၄)အဖွဲ့ကိုလည်း အထူးဧည့်သည်တော်အဖြစ် တက်ရောက်နိုင်ရန် ဖိတ်ကြားပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် မည်သည့်အဖွဲ့ကိုမျှ ချန်ထားခဲ့ရန်မရှိပါကြောင်း၊ အချို့အဖွဲ့အစည်းများနှင့် သီးခြားဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ကျန်ရှိနေသေးပါကြောင်း၊ ညှိနှိုင်းလုပ်ဆောင်ပြီးပါက အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ စိုးရိမ်မှုများပပျောက်၍ မျှော်လင့်ချက်ကောင်းများ ထွက်ပေါ်လာရန် စိတ်သဘောထားမှန်မှန်ကန်ကန်ဖြင့် ညှိနှိုင်းဖြေရှင်းသွားကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ငြိမ်းချမ်းရေးနှင့်တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် ဆက်စပ်နေပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးကို ဆွေးနွေးပွဲများဖြင့် ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုဆိုလျှင် ငြိမ်းချမ်းခြင်းကြောင့် မိုင်းလားဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ပါကြောင်း၊ ခိုင်မာသော စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း နိုင်ငံတော်အနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မကြာမီ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပတော့မည်ဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ကြားပါကြောင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌက မိုင်းလားအထူးဒေသ(၄)ဥက္ကဋ္ဌထံ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)မှ ဦးမြင့်စိုး၊ ဦးခင်ဇော်ဦး၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည် မိုင်းလားအထူးဒေသ(၄)ဥက္ကဋ္ဌက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် မိုင်းလားအထူးဒေသ(၄)မှ တာဝန်ရှိသူများနှင့်အတူ မိုင်းလားမြို့တွင်း တည်ဆောက်ရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

# အောင်မြင်သာနှင့် မလိယန်ကျေးရွာနေပြည်သူများအား ဆန် ၁၄၂၄ အိတ်ထောက်ပံ့

**မြစ်ကြီးနား ဒီဇင်ဘာ ၂၂**

ဧရာဝတီအထက်ပိုင်း မြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်း ကုမ္ပဏီလီမိတက်မှ ဆန်အိတ်ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့နယ် အောင်မြင်သာစံပြကျေးရွာ ဈေးကြီးဝင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆန်အိတ်ထောက်ပံ့ပေးအပ်ပွဲတွင် ဧရာဝတီအထက်ပိုင်း မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းကုမ္ပဏီမှ မြစ်ကြီးနားဆက်ဆံရေးရုံးတာဝန်ခံ Mr. ZHANG က မိမိတို့ကုမ္ပဏီအနေဖြင့် တစ်နှစ်လျှင် သုံးကြိမ် ဆန်အိတ်များ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း၊ ထို့အပြင် ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ကူညီခဲ့ကြောင်း၊ ယခုလို ထောက်ပံ့ပေးအပ်သော ငွေကြေးမှာ ကုမ္ပဏီဝန်ထမ်းများ၏ လစာထဲက လစဉ်စုစည်းပြီး ရရှိသောငွေဖြင့် ယခုလိုထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ မိမိတို့ကုမ္ပဏီ ဤဒေသတွင် ရှိနေသရွေ့ အမြဲထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ထောက်ပံ့ပေးခြင်းသည် ယင်းကျေးရွာများရှိ ပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန်ရည်ရွယ်၍ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ မည်သည့်တစ်စုံတစ်ရာမျှ ကိုယ်ကျိုးအမြတ်ရရှိရန် မျှော်လင့်ပြီး ပေးအပ်ခြင်းမဟုတ်ကြောင်း ပြောသည်။

ထို့နောက် အောင်မြင်သာစံပြကျေးရွာ အိမ်ထောင်စု ၃၂၅ စု၊ လူဦးရေ တစ်ထောင်ကျော်နှင့် မလိယန်ကျေးရွာ အိမ်ထောင်စု ၈၅ စု၊ လူဦးရေ ၄၁၀ အတွက် တစ်ဦးလျှင် ဆန် ၁၅ ပြည်နှုန်းဖြင့် ACAC ကုမ္ပဏီမှ တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။ ယင်းကျေးရွာနေပြည်သူများအတွက် ဆန် ၁၄၂၄ အိတ် စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၄၂၇၂၀၀၀၀ ရှိကြောင်း သိရသည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲသို့ မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်း ကုမ္ပဏီမှ မြစ်ကြီးနားဆက်ဆံရေးရုံးတာဝန်ခံနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အောင်မြင်သာစံပြကျေးရွာနှင့် မလိယန်ကျေးရွာတို့မှ ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။

**မင်းမင်း(မြစ်ကြီးနား)**

# အကြမ်းဖက်မှုတိုက်ဖျက်ရေး သတင်းအချက်အလက်ဖလှယ်ရန် အင်ဒိုနီးရှားနှင့် သြစတြေးလျ သဘောတူညီ

**ဂျကာတာ ဒီဇင်ဘာ ၂၂**

အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်း အတွက် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ကြရန် အင်ဒိုနီးရှားနှင့် သြစတြေးလျနိုင်ငံတို့ သဘောတူညီလိုက်ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

သြစတြေးလျရှေ့နေချုပ် ဂျော့ဂျ်ဘရန်းဒစ်သည် တရားရေးဝန်ကြီး မိုက်ကယ်ကီနန်းနှင့်အတူ ဂျကာတာတွင် ကျင်းပသော အင်ဒိုနီးရှား-သြစတြေးလျဥပဒေနှင့် လုံခြုံရေးဆိုင်ရာဝန်ကြီးအဆင့်ကောင်စီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ကွန်ပျူတာကွန်ရက်လုံခြုံရေး၊ ထောက်လှမ်းရေးသတင်းအချက်အလက်ဖလှယ်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်သမားများထံဝင်ရောက်သည့် ငွေကြေးစီးကြောင်းများကို ပိတ်ဆို့ရေးစသည့် အကြောင်းရပ်များကို ဆွေးနွေးခဲ့ကြောင်း ဘရန်းဒစ်က ပြောကြားသည်။

မိမိတို့နှစ်နိုင်ငံစလုံးကို ခြိမ်းခြောက်နေသည့် အကြမ်းဖက်မှုပြဿနာကို ကိုင်တွယ်ဆောင်ရွက်နိုင်ရေးအတွက် ထောက်လှမ်းရေးသတင်းများ အပြန်အလှန်ဖလှယ်ကြရန် သဘောတူညီကြကြောင်း ၎င်းက ပြောကြားသည်။

**ရိုက်တာ။**



# စပေ့စ်အိပ်စ်၏ ဒုံးပျံယာဉ်လွှတ်တင်မှုအောင်မြင် အာကာသသမိုင်းတွင် မှတ်တိုင်သစ်စိုက်ထူ

**မီယာမီ ဒီဇင်ဘာ ၂၂**

အမေရိကန်ပြည်ထောင်စုရှိ လေကြောင်းအာကာသနည်းပညာနှင့် အာကာသသယ်ယူပို့ဆောင်ရေးလုပ်ငန်းကုမ္ပဏီဖြစ်သော စပေ့စ်အိပ်စ်ကုမ္ပဏီသည် ဂြိုဟ်တုငယ်များတင်ဆောင်ထားသော ဖယ်လ်ကွန်-၉အမည်ရှိ ဒုံးပျံယာဉ်တစ်စင်းကို ဒီဇင်ဘာ ၂၁ရက်ညက အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း၊ ယင်းဒုံးပျံယာဉ်၏ ပထမအဆင့်အစိတ်အပိုင်းဖြစ်သော အရှိန်မြှင့်ဒုံးစက်ယာဉ်သည် အစီအစဉ်ပြုလုပ်ထားသည့်အတိုင်း လွှတ်တင်ခဲ့သည့်နေရာသို့ ချောချောမွေ့မွေ့ပြန်လည်ဆင်းသက်နိုင်ခဲ့ခြင်းမှာ အာကာသသမိုင်းတွင် မှတ်တိုင်တစ်ရပ်စိုက်ထူနိုင်ခြင်းဖြစ်ကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံယာဉ်ကို ဒီဇင်ဘာ ၂၁ရက် ဒေသစံတော်ချိန် ည ၈ နာရီ ၂၉ မိနစ်တွင် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ကိပ်ကနေဗာရယ် အာကာသစခန်းမှ လွှတ်တင်ခဲ့သည်။ ယင်းသို့လွှတ်တင်ခဲ့ပြီးနောက် ၁၀ မိနစ်အကြာတွင် ဒုံးပျံယာဉ်၏ပထမအဆင့်အစိတ်အပိုင်းသည် ကမ္ဘာ့မြေပြင်ပေါ်သို့ ဒေါင်လိုက်ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ဒုံးပျံယာဉ်ကို အောင်မြင်စွာလွှတ်တင်နိုင်ခြင်းဖြင့် အနာဂတ်ကာလတွင် အာကာသခရီးစဉ်များ၌ အဖန်ဖန်ပြန်လည်အသုံးပြုနိုင်မည့် အာကာသဒုံးပျံယာဉ်အဖြစ် အသုံးပြုနိုင်မည်ဖြစ်ကာ အာကာသသယ်ယူပို့ဆောင်ရေးလုပ်ငန်း၏ စရိတ်စကများကို လျှော့ချနိုင်စေမည်ဖြစ်ကြောင်း စပေ့စ်အိပ်စ်ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ဟော်သွန်မြို့အခြေစိုက် စပေ့စ်အိပ်စ်ကို အင်တာနက်လုပ်ငန်းရှင်သူဌေးကြီး အယ်လွန်မက်က ၂၀၀၂ ခုနှစ်တွင် ထူထောင်ခဲ့သည်။

ဖယ်လ်ကွန်-၉ဒုံးပျံယာဉ်သည် နှစ်ဆင့်ပေါက်ဒုံးပျံယာဉ်အမျိုးအစားဖြစ်ပြီး ပြန်လည်အသုံးပြုနိုင်သော ဒုံးပျံယာဉ်လွှတ်တင်ရေးစနစ်ကို အသုံးပြုသည်။ ကမ္ဘာနှင့်နီးစပ်စွာတည်ရှိသော ဂြိုဟ်ပတ်လမ်းသို့အလေးချိန် ၁၃၁၅၀ ကီလိုဂရမ်ရှိဝန်ကို ပို့ဆောင်ပေးနိုင်စွမ်းရှိသည်။

လွန်ခဲ့သည့်နွေရာသီတွင် စပေ့စ်အိပ်စ်ကုမ္ပဏီက ဒုံးပျံယာဉ်လွှတ်တင်ခဲ့ရာတွင် ပျက်ကျခဲ့ပြီး ယခုတစ်ကြိမ်တွင်မူ သမိုင်းဝင်အောင်မြင်မှုရရှိခြင်းဖြစ်သည်။ **ရိုက်တာ။**

# နီပေါနိုင်ငံ ငလျင်ကာလအလွန် ပြန်လည်တည်ဆောက်ရေး ဘဏ္ဍာရေးအကူအညီ ဂျပန်နိုင်ငံပေးအပ်

**ခတ္တမန္ဒူ ဒီဇင်ဘာ ၂၂**

ယခုနှစ်နွေရာသီက အင်အားပြင်းထန်သောငလျင်လှုပ်ခတ်မှုများဖြစ်ပွားပြီး လူပေါင်း ၉၀၀၀ နီးပါးသေဆုံးခဲ့သည့် နီပေါနိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ယန်း ၃၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၄၄ သန်း) အကူအညီပေးရေး သဘောတူညီချက်တစ်ရပ်ကို ဂျပန်နိုင်ငံက ဒီဇင်ဘာ ၂၁ ရက်တွင် နီပေါနိုင်ငံနှင့် လက်မှတ်ရေးထိုးလိုက်သည်။

အဆိုပါအကူအညီမှာ ပြီးခဲ့သည့် ဇွန်လအတွင်းက ခတ္တမန္ဒူမြို့၌ ကျင်းပခဲ့သော နီပေါနိုင်ငံပြန်လည်တည်ဆောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာညီလာခံတွင် ဂျပန်နိုင်ငံကထုတ်ပြန်ကြေညာခဲ့သည့် ယန်း ၃၂ ဘီလီယံ အကူအညီ၏အစိတ်အပိုင်းဖြစ်သည်။ နီပေါနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မာဆာရှီအိုဂါဝါနှင့် နီပေါဘဏ္ဍာရေးဝန်ကြီးဌာန အတွင်းဝန် လော့ခ်ဒါရှန်ကာကီတို့သည် ဒီဇင်ဘာ ၂၁ ရက်က ခတ္တမန္ဒူမြို့ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည့် လက်မှတ်ရေးထိုးပွဲတွင် သဘောတူညီချက်များကို အပြန်အလှန်လဲလှယ်ခဲ့ကြသည်။ ဂျပန်နိုင်ငံက ပေးအပ်သည့်အကူအညီများအနက် နှစ် ၄၀ အတွင်း ပြန်ဆပ်ရမည့် အတိုးနှုန်းသက်သာသော ချေးငွေ ယန်း ၂၆ ဘီလီယံကို စာသင်ကျောင်းများနှင့် နေအိမ်များ ပြန်လည်တည်ဆောက်ရေးအတွက် သုံးစွဲမည်ဖြစ်သည်။

ကျန်ရှိသောအကူအညီများကို နီပေါနိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် အသုံးပြုမည်ဖြစ်သည်။ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)က ပြန်လည်တည်ဆောက်ရေးဆောင်ရွက်ရာတွင် နီပေါအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ ငလျင်လှုပ်ခတ်မှုများဖြစ်ပွားပြီးနောက် နိုင်ငံတကာအသိုင်းအဝိုင်းက နီပေါနိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံ အကူအညီပေးမည်ဟု ကတိကဝတ်ပြုခဲ့သည်။ သို့သော်လည်း ပြီးခဲ့သည့် စက်တင်ဘာလအတွင်းကအတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ခုကို ဆန့်ကျင်ကန့်ကွက်ရာမှ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် နီပေါနိုင်ငံပြန်လည်တည်ဆောက်ရေးလုပ်ငန်းများမှာ နှေးကွေးခဲ့ရသည်။

**ကျိုဒိုနယူးစ်။**



# ၂၀၁၅ ခုနှစ်အတွင်း ဗီယက်နမ်လူဦးရေ၏ အင်တာနက်သုံးစွဲမှု ၅၂ ရာခိုင်နှုန်းရှိ

**ဟနွိုင်း ဒီဇင်ဘာ ၂၂**

ဗီယက်နမ်နိုင်ငံ လူဦးရေ၏ အင်တာနက်သုံးစွဲနိုင်မှုမှာ ၂၀၁၄ ခုနှစ်တွင် ၄၉ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၅၂ ရာခိုင်နှုန်း သို့မဟုတ် ၄၇ ဒသမ ၃ သန်း အထိရှိလာခဲ့ကြောင်း ဗီယက်နမ်ဆက်သွယ်ရေးအာဏာပိုင်အဖွဲ့(VNTA)၏ အဆိုအရ သိရသည်။

အင်တာနက်သုံးစွဲသူများအနက် လူဦးရေ ၃၆ ဒသမ ၂၈ သန်း သည် ကြိုးမဲ့အင်တာနက်ချိတ်ဆက်မှုစနစ်(မိုဘိုင်းဖုန်း)ဖြင့် အသုံးပြုခဲ့ကြခြင်းဖြစ်ပြီး ယင်းသို့ အသုံးပြုခြင်းကို ၂၀၁၄ ခုနှစ်တွင် ၂၂ ဒသမ ၃ သန်းသာရှိခဲ့သည်ဟု ဗီယက်နမ်အွန်လိုင်းသတင်းစာတစ်စောင်က VNTA ၏ အဆိုကို ကိုးကားလျက် ဒီဇင်ဘာ ၂၂ ရက်တွင် ရေးသားဖော်ပြသည်။

ယခုထုတ်ပြန်သည့် ကိန်းဂဏန်းအချက်အလက်များသည် ဒီဇင်ဘာ ၂၁ ရက်က ဟနွိုင်းမြို့၌ ကျင်းပသည့် VNTA ၏ ၂၀၁၅ ခုနှစ်အတွင်း လုပ်ဆောင်ချက်များ ပြန်လည်သုံးသပ်မှုဆွေးနွေးပွဲတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၏ မိုဘိုင်းကွန်ရက်ခြောက်ခုတွင် မိုဘိုင်ဖုန်းသုံးစွဲသူစုစုပေါင်း ၁၂၀ ဒသမ ၆ သန်းရှိသည်။ တစ်ချိန်တည်းမှာပင် ဗီယက်နမ်နိုင်ငံ၌ ၂၀၁၅ ခုနှစ်တွင် ကြိုးဖုန်းအသုံးပြုမှုမှာ ၆ ဒသမ ၇ သန်းထိ လျော့နည်းသွားခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ကြိုးဖုန်းအသုံးပြုမှုမှာ ၉ ဒသမ ၅ သန်းရှိခဲ့သည်။ **ဆင်ဟွာ။**



# အာဖဂန်ဟဲလ်မန်းပြည်နယ်သို့ ဗြိတိန်တပ်ဖွဲ့ဝင်များ စေလွှတ်

**လန်ဒန် ဒီဇင်ဘာ ၂၂**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန်းပြည်နယ်သို့ မိမိတို့တပ်ဖွဲ့ဝင်များကို ပေးပို့ခဲ့ကြောင်း ဗြိတိန်အစိုးရက ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

ဟဲလ်မန်းပြည်နယ်ရှိ ဆန်ဂျင်မြို့သည် တာလီဘန်စစ်သွေးကြွများ၏ သိမ်းပိုက်မှုအောက်သို့ ရောက်ရှိမည့်အနေအထားဖြစ်ပေါ်နေချိန်တွင် ဗြိတိန်နိုင်ငံက ယင်း၏ တပ်ဖွဲ့များကို ဟဲလ်မန်းပြည်နယ်သို့ စေလွှတ်ပေးခဲ့ခြင်းဖြစ်သည်။

တာလီဘန်တိုက်ခိုက်ရေးသမားများသည် ဒီဇင်ဘာ ၂၁ ရက်က ဆန်ဂျင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် အုပ်ချုပ်ရေးမှူးရုံးတို့ကို ဝိုင်းခဲ့သော်လည်း ရဲတပ်ဖွဲ့ဝင်များက ခုခံတိုက်ခိုက်နိုင်ခဲ့ကြောင်း၊ သို့ရာတွင် ယင်းမြို့သို့ ဝင်ရောက်နိုင်သည့်လမ်းများကို တာလီဘန်စစ်သွေးကြွများက ထိန်းချုပ်ထားနိုင်ကြောင်း ဟဲလ်မန်းပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ဗြိတိန်နိုင်ငံသည် လွန်ခဲ့သည့်နှစ်က အာဖဂန်နစ္စတန်နိုင်ငံ၌ တိုက်ခိုက်ရေးဆိုင်ရာ စစ်ဆင်ရေးလုပ်ငန်းများကို အဆုံးသတ်ခဲ့သည်။ သို့ရာတွင် အာဖဂန်တပ်မတော်ကို စစ်ရေးလေ့ကျင့်မှုပေးရန်နှင့် အကြံပေးမှုများပြုလုပ်နိုင်ရန် ဗြိတိန်တပ်ဖွဲ့ဝင် ၄၅၀ ခန့်ကို အာဖဂန်နစ္စတန်နိုင်ငံတွင် ဆက်လက်ဖြန့်ကြက်ထားခဲ့သည်။

ဆန်ဂျင်မြို့ကို ကာကွယ်နိုင်ရေးအတွက် ဗြိတိန်အထူးလေကြောင်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်၃၀ခန့်နှင့် အမေရိကန်အထူးတပ်ဖွဲ့ဝင် ၆၀ ခန့်ကို စေလွှတ်ပေးခဲ့သည်ဟု လန်ဒန်တွင်ထုတ်ဝေသော တိုင်းမ်သတင်းစာကရေးသားဖော်ပြသည်။

**ရိုက်တာ။**

ပြည်တွင်းရေးရာ

# ခရစ်တော်၏ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ခရစ်တော်မွေးနေ့ ညစာစားပွဲကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်းက ကြီးမှူးကျင်းပသော ခရစ်တော်၏ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ခရစ်တော်မွေးနေ့ ညစာစားပွဲကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ရှိ M3 Food Centre ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာသာညဏ်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ပဏာမကျမ်းဖတ်ကြားသည်။

ရှေးဦးစွာ ဝိုင်အမ်စီအေဘုတ်အဖွဲ့ဝင် ဆရာစောဒေးဗစ်က ကောင်းချီးတောင်းခံခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်း၊ တစ်ပင်တိုင်ချီးမွမ်းခြင်းနှင့် သိက္ခာတော်ရ ဆရာဦးမြင့်လွင်က နိုင်ငံတော်အတွက် အထူးဆုတောင်းခြင်း၊ သိက္ခာတော်ရ ဆရာဦးအေးမင်းက သမ္မာကျမ်းစာဖတ်ကြားခြင်း၊ "မွေးနေ့တော် သတင်းစကား"ကို သိက္ခာတော်ရဆရာ ဦးလူအေးက ဝေမျှခြင်း၊ သိက္ခာတော်ရဆရာ ဒေါက်တာစောမာဂေကြီးက ကောင်းချီးပေးခြင်းတို့ကို ဆောင်ရွက်သည်။

ထို့နောက် ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်း ဥက္ကဋ္ဌ ဒေါက်တာတင်လှက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာ မိမိတို့ ဆည်းကပ်ကိုးကွယ်သည့် ဘာသာအရ ကြီးမြတ်သူများအား ချီးမြှောက်ပူဇော်ခြင်း၊ ကျေးဇူးတရားတော်ကို အောက်မေ့သတိရခြင်းတို့သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြောင်း၊ မကောင်းသည့် စိတ်ထားများပယ်ရှားပြီး ကောင်းမှုအကျိုးတရားများ ဖြစ်ထွန်းနေသည်ကပင် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံခြင်းဖြစ်သည်ဟု ဗုဒ္ဓဘာသာကျမ်းဂန်များတွင် ပြဆိုထားကြောင်း၊ ခရစ်တော်သည် လောကလူသားများအပေါ် အထူးသဖြင့် ဘာသာဝင်များအပေါ် တစ်မျိုးတစ်စားတည်းသော မေတ္တာဖြင့် ဖြန့်ကြက်ပြီးသကဲ့သို့ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည်လည်း နိုင်ငံသား၊ မည်သည့်တိုင်းရင်းသားမဆို မည်သည့်ဘာသာ ယုံကြည်သူဖြစ်စေ ဤမြေပေါ်မှာ မွေးဖွားကြီးပြင်းကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမ အားလုံးတို့အပေါ်၌ မခွဲမခြားတန်းတူထားလျက် မိမိတို့၏ ဉာဏ်စွမ်းရှိသလောက်အစီအပွားများ ထုတ်ယူသုံးဆောင်ခွင့်ကို နိုင်ငံသားတိုင်း ရရှိကြမှာဖြစ်ကြောင်း၊ နိုင်ငံသူ နိုင်ငံသားအားလုံး မိမိတို့ နှစ်သက်ရာ ဘာသာအသီးသီးအား ဆည်းကပ်ကိုးကွယ်ယုံကြည်ခွင့်ကိုလည်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားများဖြစ်ကြသည့် ခရစ်ယာန်ဘာသာဝင် တိုင်းရင်းသား ပြည်သူအပေါင်းတို့သည် အမိနိုင်ငံတော်ကြီး၏ သားသမီးစာရင်းဝင်များ ဖြစ်ကြသည့်အားလျော်စွာ ခရစ်တော်၏ ဟောကြားချက်အဆုံးအမ နှုတ်မြွက်စကားတော်များနှင့်အညီ လိုက်နာကျင့်သုံးနေထိုင်ကြလျက် မိမိတို့မှီတင်းနေထိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအကျိုးကို အဘက်ဘက်က ဝိုင်းဝန်းကူညီ ပံ့ပိုးပေးစွမ်းနိုင်ကြသော ဘုရားသခင်၏ သားကောင်းသမီးမွန်များ ဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးစိန်ဝင်းအောင်က မွေးနေ့တော်အတွက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးစကား ပြောကြားသည်။

ထို့နောက် သိက္ခာတော်ရ ဆရာဦးတိုးတိုးက ညစာအတွက် ကျေးဇူးတော်ချီးမွမ်းပြီး ကြွရောက်လာကြသည့် ဧည့်ပရိသတ်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကာ (၆၁)ကြိမ်မြောက် အသင်းသား စုဆောင်းခြင်းတွင် ဆုရရှိခဲ့ကြသူများအား သိက္ခာတော်ရ ဆရာဦးဒေးဗစ်စိုးတင့်၊ ဦးတင်အောင်ဆွေ၊ ဒုတိယဗိုလ်မှူးကြီး စောခင်ထွန်း(ငြိမ်း) နှင့် ကမ္ဘောဇဦးသက်ဝင်းတို့က ဆုများချီးမြှင့်ခဲ့ကြသည်။ ထို့နောက် သိက္ခာတော်ရဆရာ ဦးအောင်မြင့်စိန်က ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။**(ကြေးမုံ)**

# ဖြစ်ပျက်ခဲ့တာတွေကြည့်ရင် မေတ္တာခေါင်းပါးလို့ ဖြစ်ပါတယ်၊ မေတ္တာစိတ်ရှိရင် အားလုံးငြိမ်းချမ်းသွားမှာပါ

**ဒေါက်တာခင်ခင်မိုး**

ဒီဇင်ဘာ ၂၅ ရက်သည် ခရစ္စမတ်နေ့ ဖြစ်သည်။ ယေရှုခရစ်တော်ဖွားမြင်သည့်နေ့ဖြစ်သည့်အတွက် ခရစ္စမတ်ဆိုသည့် ဂုဏ်ပြုပွဲလေးကိုပြုလုပ်ခြင်းဖြစ်သလို ထိုသတင်းကောင်းကို ဖြန့်ဝေဖို့ရန် ဘုရားသခင်၏ ငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်းတို့အတွက် ခရစ်ယာန်တွေအနေဖြင့် ခရစ္စမတ်ကို ပြုလုပ်ခြင်းဖြစ်သည်ဟုသိရသည်။ ခရစ္စမတ်နေ့ကို ခရစ်ယာန်များ ပျော်ရွှင်ဝမ်းမြောက်ကြသလို တစ်လောကလုံးဝမ်းမြောက်ကြရန် အလို့ငှာ ကျင်းပကြပြီး ငြိမ်းချမ်းရေးနှင့် မေတ္တာတရားများဖြင့် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်သွားရန်အလို့ငှာ တစ်ကမ္ဘာလုံးက ကြိုဆိုကျင်းပကြပါသည်။ ထိုသို့ ကြိုဆိုကျင်းပရာတွင် မြန်မာနိုင်ငံရှိ ခရစ်ယာန်အသင်းတော် အသီးသီး၏ ခရစ္စမတ်ကြိုဆိုပုံနှင့် ခရစ္စမတ်နှင့်ပတ်သက်၍ မျှဝေပြောကြားခဲ့မှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဒေါက်တာခင်ခင်မိုး (ခ)**
**Sharon, Chief Executive**
**(Myanmar Young Crusaders)**



ကျွန်မတို့အဖွဲ့က Myanmar Young Crusaders မြန်မာခရစ်ယာန်လူငယ်များအဖွဲ့ ဖြစ်ပါတယ်။ ကျွန်မရဲ့ဖခင်ကြီး ဒေါက်တာဒေးဗစ်ရုံးမို (သိက္ခာတော်ရ) က ၁၉၇၄ ခုနှစ် ဩဂုတ် ၅ ရက် ကနေစပြီး ထူထောင်ခဲ့တာပါ။ ဖခင်ကြီးက တစ်ချိန်က မူးယစ်ဆေးဝါးသမား၊ အရက်သမား၊ ဘိန်းစားပါ။ တိုတို ပြောရရင် တစ်ပတ်အတွင်း သေတော့မယ်ဆိုပြီး ဆေးရုံကဆင်းလာပြီးတော့ အနှစ် ၃၀ အသက်ရှင်ခဲ့တယ်။ သူ့လို လူဆိုးတွေကို ကယ်မယ်ဆိုပြီး ဒီအဖွဲ့ကိုတည်ထောင်ခဲ့တာပါ။ ပြီးတဲ့အခါမှာ ကျွန်မနဲ့အစ်ကိုတို့က အတူတူဒီအဖွဲ့ကို ဦးဆောင်ခဲ့တာ ၁၂ နှစ်ထဲမှာ ရောက်လာပါပြီ။

ကျွန်မတို့အဖွဲ့အနေနဲ့ကတော့ လုပ်ငန်းစဉ်ခုနစ်ခုကို ဆောင်ရွက်နေပြီး (၁) မူးယစ်ဆေးစွဲ လူငယ်တွေကိုအကျင့်စာရိတ္တ ပြုပြင်တဲ့လုပ်ငန်း၊ (၂) မိဘမဲ့ကလေးတွေကို ပြုစုပျိုးထောင်တဲ့လုပ်ငန်း၊ (၃) အနာကြီးရောဂါသည်တွေကို ပြုစုပျိုးထောင်တဲ့လုပ်ငန်း၊ (၄) ကျမ်းစာကျောင်း၊ (၅) Music Ministry တေးဂီတနဲ့ခရစ္စမတ်အချိန်တွေမှာ ဟောပြောပွဲ၊ ဖျော်ဖြေပွဲတွေလုပ်တယ်၊ (၆) Church Plating၊ (၇) နာဂစ်တုန်းက ဧရာဝတီတိုင်းဒေသကြီးမှာ ဒုက္ခရောက်တဲ့သူတော်တော်များများရှိတယ်။ အဲဒီမှာ သားသမီးဆုံးသွားတဲ့အခါ မိဘတွေပဲ ကျန်ခဲ့ပြီး ဘာမှလုပ်ကိုင်စားသောက်လို့ မရတဲ့သူတွေကို Evergreen Ministry ဆိုပြီး အသက်(၇၀)နဲ့အထက် ဘာသာမရွေးလူမျိုးမရွေးကို ကြည့်ရှုပြုစုတဲ့လုပ်ငန်းဖြစ်ပါတယ်။ ကျွန်မတို့ အခုဆိုရင် ခရစ္စမတ်ပွဲတွေ လိုက်လုပ်ပေးတယ်။

ခရစ္စမတ်ဆိုတာက ခရစ်ယာန်ဘာသာအနေနဲ့ ကြည့်မယ်ဆိုရင် သခင်ယေရှုခရစ်တော်က ကျွန်မတို့လောကကို ကြွဆင်းလာပြီးတော့ နှိမ့်ချခြင်းပုံစံနဲ့ နွားစားခွက်ထဲမှာ မွေးဖွားလာတယ်ဆိုတာ လူသားတွေအားလုံးအတွက် ဖြစ်ပါတယ်။ လောကသားအားလုံး ဝမ်းမြောက်ဖို့အတွက် ကြွဆင်းလာခဲ့ခြင်းဖြစ်တယ်။ တချို့ဘေးကလူတွေကထင်ကြတယ်။ ခရစ္စမတ်ဆိုရင် အရက်သောက်မယ်။ ပါတီတက်မယ်လို့ အဓိက ကတော့ အဲဒါမဟုတ်ပါဘူး။ ကျွန်မတို့က သတင်းကောင်းကိုဖြန့်ဝေဖို့အတွက် ဘုရားရဲ့ငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်းနဲ့ ဝမ်းမြောက်ခြင်းဆိုတဲ့ ခရစ်ယာန်တွေအနေနဲ့ ခရစ္စမတ်ကို ပြုလုပ်တာဖြစ်ပါတယ်။ အခု ၂၀၁၅ ကုန်တော့မှာဖြစ်တဲ့အတွက် ၂၀၁၅ မှာ ဘာပဲဖြစ်နေဖြစ်နေ ၂၀၁၆ မှာ ဘုရားသခင်ရဲ့ ပျော်ရွှင်ဝမ်းမြောက်ခြင်းတွေ၊ ငြိမ်သက်ခြင်းတွေ တစ်လောကသားအားလုံးအတွက်ဖြစ်ပါစေလို့ မြန်မာခရစ်ယာန်လူငယ်များအသင်းက ဆုမွန်ကောင်းတောင်းပေးပါတယ်။ လာမယ့်ဒီဇင်ဘာ ၂၄ ရက်ညနဲ့ ၂၅ ရက်နံနက်မှာ 4TV နဲ့ 5 Networkမှာ ခရစ္စမတ်ဆိုတဲ့အကြောင်း ၂၅ မိနစ်စာ ပြသဖို့ရှိပါတယ်။ အခုလောကမှာ အဓိကက မေတ္တာပါပဲ။ မေတ္တာပေးတဲ့လဖြစ်ပါတယ်။ ဖြစ်ပျက်ခဲ့တာတွေကြည့်ရင် မေတ္တာခေါင်းပါးလို့ဖြစ်ပါတယ်။ မေတ္တာစိတ်ရှိရင် အားလုံးငြိမ်းချမ်းသွားမှာပါ။ လူတွေဟာအတ္တနဲ့မာနတွေ ရှိနေတဲ့အခါကျတော့ ဒါတွေဖယ်ချလိုက်မယ်ဆိုရင် အားလုံးဟာ ငြိမ်းချမ်းသွားမယ်လို့ မျှော်လင့်ပါတယ်။

**ဆရာတော်ဒေါက်တာယောလှ**
**စီနီယာသင်းအုပ်ဆရာတော်ကြီး**
**မောနွေလဘုရားကျောင်း**



ခရစ္စမတ် ပွဲတော်အတွက် ကျွန်တော်တို့ မနေ့က ဂန္ထဝင်နှစ်ပတ်တော် ခရစ္စမတ်တေးတွေကို လူပေါင်း ၁၅၀ ကျော်လောက်နဲ့ သီဆိုပါတယ်။ ၂၄ ရက် ည ၁၁ နာရီမှာ ခရစ္စမတ်အကြို ဝတ်ပြုခြင်းရှိမယ်။ ၂၅ ရက်နေ့ကျရင် ၆ နာရီခွဲတစ်ကြိမ်၊ ၈ နာရီခွဲတစ်ကြိမ်နဲ့ ညနေ ၄ နာခွဲ တစ်ကြိမ် ဝတ်ပြုခြင်းတွေ ကျင်းပသွားမှာပါ။ ခရစ္စမတ်နေ့အကြောင်း အတိုချုံးပြောရင် ခရစ်တော်မွေးဖွားလာခြင်းအတွက် ကျေးဇူးတော်ချီးမွမ်းတဲ့ နေ့တစ်နေ့ပါ။ သမ္မာကျမ်းစာအရ သားယောကျ်ားကို ဖွားမြင်တယ်။ ထိုသားတော်သည် လူအပေါင်းကို အပြစ်တရားမှ ကယ်ချွတ်မယ့်သူဖြစ်တာကြောင့် ယေရှုဟူသောအမည်မှည့်ရမယ်လို့ ကောင်းကင်တမန်တော်က ဆိုခဲ့တယ်။ သားတော်လေးက သူ့ဘဝသက်တမ်းနောက်ဆုံးအချိန်ထိ လောကီလူသားအားလုံး ပြုလုပ်ခဲ့တဲ့အပြစ်အားလုံးကို သူ့ရဲ့ခန္ဓာကိုယ်မှာခံယူခဲ့တယ်။ နောက်ဆုံး သူ့ခန္ဓာကိုယ်ကို ပူဇော်ခံလိုက်တဲ့အထိ ကျွန်တော်တို့လောကီသားအားလုံး အပြစ်ကလွတ်မြောက်ခြင်းကို ရရှိစေခဲ့တယ်။ သူကလောကကို အောင်နိုင်သူဖြစ်ပြီး ပြန်လည်ရှင်သန်ထမြောက်ခဲ့သူလည်း ဖြစ်ပါတယ်။ သားတော်လေးမွေးဖွားထားတာ လောကီသားတွေအားလုံးအတွက် ဖြစ်တယ်။ ဒါကြောင့် သားတော်ဘုရားကြောင့် အခမဲ့ရခဲ့တဲ့ ကယ်တင်ခြင်းကို ကျေးဇူးတော်ချီးမွမ်းပြီး ဘုရားရှင်ကို ဆက်ကပ်ကြစို့ရယ်. . . **အာမင်။**

သတင်း - ဆုနှင်းလဲ့၊ ခင်ဇာလီ၊
ဓာတ်ပုံ - ဌေးအောင်၊ ခင်မောင်ဝင်း

# ဂျပန်ဘုရင်မွေးနေ့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂၃**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သည့် ဂျပန်ဘုရင်အာကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမီအို ခီရှီဒါ တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့် သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပိုလန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ဝါဆောမြို့၌ ပိုလန်သမ္မတနိုင်ငံသမ္မတ မစ္စတာ အန်ဒရစ်(ဂျ)ဒူဒါထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# ဟင်္သာတမြို့နှင့် အနီးတစ်ဝိုက်တွင် MRTV-4 (Free To Air) ရုပ်သံလိုင်းကို ရိုးရိုးတီဗွီအင်တာနာဖြင့် လွယ်ကူစွာဖမ်းယူကြည့်ရှုနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် MRTV-4 (Free To Air) ရုပ်သံလိုင်းကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်၊ လပွတ္တာ၊ ပဲခူး၊ မိတ္ထီလာ၊ ဘားအံ၊ မော်လမြိုင်၊ တောင်ငူ၊ မုံရွာ၊ လားရှိုး၊ မင်းဘူး၊ ပခုက္ကူ၊ ရေဦးမြို့တို့တွင် Free To Air စနစ်ဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။

ယခုအခါ MRTV-4 (Free To Air)ရုပ်သံလိုင်းကို ဟင်္သာတမြို့နှင့်အနီးတစ်ဝိုက်တွင် လှိုင်းနှုန်း CH-20(512-518MHZ) ဖြင့် ထုတ်လွှင့်ပေးနေပြီဖြစ်ရာ မိမိတို့အိမ်ရှိ တီဗွီနှင့် UHF အင်တာနာဖြင့်ပင် ရုပ်သံအရည်အသွေး ကြည်လင်ကောင်းမွန်စွာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်ပညာရေး တက္ကသိုလ်၏ (၂၁) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းနေဖက်များ ပြန်လည်တွေ့ဆုံပွဲသို့ တက်ရောက်ကြရန်နှင့် ကုသိုလ်ပြုလိုသူများ မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ ရန်ကုန်ပညာရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့် ဖုန်း-၀၉ ၅၁၅၇၁၄၆ နှင့် အတွင်းရေးမှူး ဦးကျော်မိုးဦး ဖုန်း-၀၉ ၅၃၉၄၅၆၈ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်အစိုးရသစ်လက်ထက် ဆောင်ရွက်ခဲ့သော ဆဋ္ဌသင်္ဂါယနာသမိုင်းဝင် မဟာပါသာဏလိုဏ်ဂူ မွမ်းမံပြင်ဆင်မှုများ

ဝင်းသီရိ(ကမ္ဘာအေး)



လိုဏ်ဂူတော်ကြီးအတွင်း အသံထိန်းနံရံများ အသစ်ပြင်ဆင်ပြီးပုံ။

**(ယမန်နေ့မှ အဆက်)**

**ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပခြင်း**

ဆဋ္ဌသင်္ဂါယနာသမိုင်းဝင် မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သံဃာ့အစည်းအဝေးကြီးများ၊ နိုင်ငံတော်အဆင့် သာသနာရေးအခမ်းအနားများကို ခေတ်ကာလအလိုက် ကျင်းပပြုလုပ်ခဲ့ပါသည်။ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၉၊ ၁၀၊ ၁၁ ရက်နေ့များတွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံပေါင်း ၃၈ နိုင်ငံမှ ဗုဒ္ဓဘာသာကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအပါအဝင် ပြည်တွင်းမှသံဃာ ၆၀၀ ကျော် တက်ရောက်ခဲ့ပါသည်။

**နာဂစ်မုန်တိုင်းဒဏ်ခံရခြင်း**

၂-၅-၂၀၀၈ ရက်နေ့တွင် ကျရောက်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် မဟာပါသာဏလိုဏ်ဂူတော်အမိုး ပျက်စီးယိုယွင်းခြင်း၊ လျှပ်စစ်မီးလိုင်းများ ပြတ်တောက်ပျက်စီးခြင်း၊ လမ်းများ ပျက်စီးခြင်း၊ ရေပိုက်လိုင်းများပျက်စီးခြင်းနှင့် သစ်ပင်ကြီးများ ပြိုလဲခြင်းတို့ကြောင့် အဆိုပါပြင်ဆင်ရေးလုပ်ငန်းများကို နိုင်ငံတော်ဘတ်ဂျက်နှင့် အများပြည်သူလှူဒါန်းငွေများဖြင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ရပါသည်။

**နိုင်ငံတော်အစိုးရသစ်လက်ထက် မွမ်းမံပြင်ဆင်မှုများ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လမ်းညွှန်မှုနှင့်အညီ သာသနာရေးဝန်ကြီးဌာနက အောက်ပါလုပ်ငန်းများကို ပြုပြင်မွမ်းမံဆောင်ရွက်ခဲ့ပါသည်-




သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူတော်အား တွေ့မြင်ရစဉ်။

**(၁) နှစ်ကိုပ်ရှစ်ဆူဘုရားများထားရှိ ပူဇော်ခြင်း။** မဟာပါသာဏလိုဏ်ဂူတော်အတွင်း၌ ကြည်ညိုဖွယ်ဖြစ်အောင် နှစ်ကျိပ်ရှစ်ဆူဘုရားများအား အသစ်ထားရှိပူဇော်ခဲ့ခြင်းကြောင့် ဘုရားဖူးပြည်သူများ ကုသိုလ်တရားများ တိုးပွားလျက်ရှိနေကြပြီ ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းအတွက် စုစုပေါင်းကုန်ကျငွေကျပ် ၁၂၂၀၀၀၀၀ အား အလှူရှင်များက စုပေါင်းလှူဒါန်းခဲ့ပါသည်။

**(၂) ကြည်ညိုပူဇော် ကျောက်စိမ်းဆင်းတုတော်။** ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ အထိမ်းအမှတ်ကျောက်စိမ်းဆင်းတုတော်အား ကြည်ညိုသပ္ပာယ်စွာ ဖူးမြော်ပူဇော်နိုင်ရေးအတွက် ဆင်းတုတော်နှင့် လိုက်လျောညီထွေဖြစ်စေသည့် အလင်းပေးစနစ်များ ဖန်တီးခြင်း၊ လိုဏ်ဂူတော်အမိုးမျက်နှာကြက် အလင်းရောင်အား ကောင်းအောင် အင်အားဖြည့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဘုရားဖူးပြည်သူများ ကြည်သာရွှင်ပျ စိတ်နှလုံးငြိမ်းအေးချမ်းသာစွာဖြင့် ဖူးမြော်ပေးစွမ်းနိုင်ခဲ့ပြီဖြစ်ပါသည်။ အဆိုပါလုပ်ငန်းအတွက် စုစုပေါင်းကုန်ကျငွေကျပ် ၈၀၀၀၀၀၀ အား Krislite ကုမ္ပဏီလီမိတက်က လှူဒါန်းခဲ့ပါသည်။

**(၃) ရဟန္တာရုပ်တုတော်များ။** သင်္ဂါယနာတင်ရဟန္တာများကိုရည်စူး၍ အထိမ်းအမှတ်အဖြစ်ထားရှိခဲ့သော ရဟန္တာရုပ်တုတော် (၁၀၈)ဆူကို ကြည်ညိုဖွယ်ဆောင်နိုင်ရေးအတွက် သစ်စေး၊ သရိုး၊ ရွှေအစစ်ချခြင်းလုပ်ငန်းများကိုဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် သင်္ဂါယနာတင်ရဟန္တာများအား တစုတစည်းတည်း ဖူးမြော်နိုင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းအတွက် စုစုပေါင်း ကုန်ကျငွေကျပ် ၄၃၂၀၀၀၀၀ အား အလှူရှင်များက လှူဒါန်းခဲ့ပါသည်။

**(၄) ဆရာတော်ကြီးများရုပ်တု။** ဆဋ္ဌသင်္ဂါယနာတင်အခမ်းအနား၌ အကြီးအမှူးပြု ဆောင်ရွက်ခဲ့သော ညောင်ရမ်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တရေဝတ၊ ပုစ္ဆကမဟာစည်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘဏ၊ ဝိသဇ္ဇနမင်းကွန်းဆရာတော် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသတို့၏ ပလာစတာရုပ်တုပုံစံတူများအား ဘုရားဖူးပြည်သူများဖူးမြော်ရခြင်းဖြင့် ဆဋ္ဌသင်္ဂါယနာတင်သမိုင်းအား ပြန်လည်အမှတ်ရကြည်ညိုသဒ္ဓါပွားစေနိုင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းအတွက် စုစုပေါင်းကုန်ကျငွေကျပ် ၃၁၆၀၀၀၀၀ အား အလှူရှင်များက လှူဒါန်းခဲ့ပါသည်။

**(၅) လိုဏ်ဂူတော်အမိုးပြုပြင်ခြင်း။** လိုဏ်ဂူတော်အမိုး အလျား ပေ ၂၂၀၊ အနံ ပေ ၁၄၀ အကျယ်အဝန်းရှိ အမိုးအား Hollow Pipe သံဖရိန်များဖြင့် 4-Angle သွပ်အမိုးပြားများ အစားထိုးတပ်ဆင်လဲလှယ်ခဲ့ပါသည်။ 4-Angle သွပ်အမိုးပြားများသည် ၃၆ ပေ အရှည်ဖြစ်၍ ဘေးတစ်ဖက်စီတွင် သွပ်အဆက်တစ်ခုသာ အုပ်မိုးထားသဖြင့် သွပ်အဆက်များလျော့နည်းပြီး မိုးယိုခြင်းဒဏ်မှ ကင်းဝေးပြီး ရေရှည်ခိုင်ခံ့သွားမည်ဖြစ်ပါသည်။ ယခင်က ခုနစ်ပေမြောင်းသွပ်များဖြင့် မိုးခဲ့ရာ ဘေးတစ်ဖက်တွင် သွပ်အဆက် ၁၂ နေရာဆက်စပ်၍ အုပ်မိုးခဲ့ရသောကြောင့် သွပ်အဆက်များပြီး မိုးယိုစိမ့်မှုဒဏ်ကို ခံခဲ့ရပါသည်။ ယခင်က လိုဏ်ဂူ၏အမိုးပေါ်တွင် သစ်သားဖရိန်များဖြင့် ဖွဲ့စည်း၍မိုးခဲ့ရာ အလေးချိန် တန် ၆၀ ခန့်လေးပြီး ယခု Hollow Pipe သံဖရိန်များဖြင့်မိုးခဲ့ရာ အလေးချိန် ၁၄ တန်ခန့်သာရှိသဖြင့် အလေးချိန် ၃၆ တန်ခန့် လျော့နည်းသက်သာသဖြင့် လိုဏ်ဂူအမိုးကြံ့ခိုင်ရေးကို များစွာအထောက်အကူပြုခဲ့ပါသည်။ လိုဏ်ဂူအမိုး အောက်ခံကြမ်းခင်းကွန်ကရစ်ပြင်အား သုံးလက်မအထူ ကွန်ကရစ်ပြင်အသစ်ဖြင့် အစားထိုးအုပ်မိုးခဲ့သောကြောင့် မိုးယိုစိမ့်မှုဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိနေပြီဖြစ်ပါသည်။ အဆိုပါ Hollow Pipe သံဖရိန်နှင့် 4-Angle အမိုးပြားများ အုပ်မိုးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ခြင်းကြောင့် လိုဏ်ဂူအတွင်း/အပြင် မိုးရေယိုစိမ့်ခြင်းဒဏ်၊ ဆေးများပျက်ပြယ် မှေးမှိန်ခြင်းဒဏ်၊ အနံ့အသက်များ ဆိုးရွားမှုဒဏ်တို့မှကင်းဝေးပြီး မဟာပါသာဏလိုဏ်ဂူတော်ကြီး၏ ဂုဏ်ကျက်သရေကို တိုးပွားစေနိုင်ခဲ့ပါသည်။ အဆိုပါလုပ်ငန်းအတွက် နိုင်ငံတော်ဘတ်ဂျက်က စုစုပေါင်းကုန်ကျငွေကျပ် ၇၀၆၄၆၂၅၀ ကုန်ကျခံ ပြုပြင်မွမ်းမံခဲ့ပါသည်။

**(၆) လိုဏ်ဂူအလင်းဝင်ပေါက်မျက်နှာကြက်များ ပြုပြင်ခြင်း။** လိုဏ်ဂူအမိုး မျက်နှာကြက်၌ အလျား ၂၈ ပေ၊ အနံ ၁၆ ပေ အကျယ်အဝန်းရှိ အရှေ့နှင့်အနောက်တွင် အလင်းဝင်ပေါက်လေးခု၊ တောင်နှင့်မြောက်တွင် အလင်းဝင်ပေါက် နှစ်ခု၊ အလျား ၃၆ ပေ၊ အနံ ၁၆ ပေ အကျယ်အဝန်းရှိ အလယ်ဗဟို အလင်းဝင်ပေါက်တစ်ခုတို့၏ အပေါ်တွင် ပလတ်စတစ်အကြည်သွပ်မိုးခြင်း၊ မူလအလင်းဝင်ပေါက်ပလတ်စတစ်မှန်များ သန့်ရှင်းအောင်ဆောင်ရွက်ခြင်းတို့ကို မွမ်းမံပြုပြင်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် လိုဏ်ဂူအတွင်း နှစ်စဉ်ကျင်းပလျက်ရှိသော တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ၊ တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲများနှင့် ဘာသာရေးဆိုင်ရာ အခမ်းအနားများကို နေ့အချိန်တွင် လျှပ်စစ်မီးမထွန်းဘဲ သဘာဝအလင်းရောင်ဖြင့်ပင် ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။ အဆိုပါလုပ်ငန်းအတွက် နိုင်ငံတော်ဘတ်ဂျက်မှ စုစုပေါင်းကုန်ကျငွေကျပ် ၇၄၃၆၀၀ ကုန်ကျခံပြုပြင်မွမ်းမံခဲ့ပါသည်။

**(၇) ဘယ်(လ်)ဂျီယမ်ကော်ဇောများလဲလှယ်ခြင်း။** မဟာပါသာဏလိုဏ်ဂူတော်အတွင်း အလျား ပေ ၁၈၀၊ အနံ ပေ ၉၀ အကျယ်အဝန်းရှိ ကြမ်းခင်းဘယ်(လ်)ဂျီယမ်ကော်ဇောလိပ်များအား ဝယ်ယူဖြည့်တင်း၍ ခင်းကျင်းခဲ့ခြင်းကြောင့် အခမ်းအနားအသီးသီးတွင် အမြင်တင့်တယ်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းအတွက် စုစုပေါင်းကုန်ကျငွေကျပ် ၈၅၀၀၀၀၀ အား ရွှေသံလွင်ကုမ္ပဏီမှ လှူဒါန်းခဲ့ပါသည်။

**(၈) ပလတ်စတစ်ထိုင်ခုံများဖြည့်တင်းခြင်း။** မဟာပါသာဏလိုဏ်ဂူတော်အတွင်း ဘာသာရေး၊ သာသနာရေးဆိုင်ရာ အခမ်းအနားများ၌ အသုံးပြုရန် လက်တင်ပါပလတ်စတစ်ထိုင်ခုံ အလုံး ၁၀၀၀ အား ဝယ်ယူဖြည့်တင်းခဲ့ခြင်းကြောင့် မဟာပါသာဏလိုဏ်ဂူနှင့် အခြားနေရာအသီးသီးတွင် သာသနာရေးဆိုင်ရာ အခမ်းအနားများကျင်းပရာ၌ များစွာအသုံးဝင်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါလုပ်ငန်းအတွက် စုစုပေါင်းကုန်ကျငွေကျပ် ၅၀၀၀၀၀၀ အား ရွှေသံလွင်ကုမ္ပဏီမှ လှူဒါန်းခဲ့ပါသည်။

**(၉) လေအေးပေးစက်များပြင်ဆင်ခြင်း။** မဟာပါသာဏလိုဏ်ဂူတော်အတွင်း လေအေးပေးစက် အလုံး ၆၀ တပ်ဆင်ထားခဲ့ပြီး ပြင်ဆင်ရန် လိုအပ်သော လေအေးပေးစက် ၄၈ လုံးအား မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းကို နိုင်ငံတော်ဘတ်ဂျက်မှ စုစုပေါင်းကုန်ကျငွေကျပ် ၃၉၅၀၀၀၀ ကုန်ကျခံပြုပြင်မွမ်းမံခဲ့ပါသည်။

**(၁၀) ဆေးသုတ်ခြင်းလုပ်ငန်း။** မဟာပါသာဏလိုဏ်ဂူတော်အတွင်း ရွှေဆေးသုတ်ခြင်း၊ ဆီဆေးသုတ်ခြင်း၊ ပေါလစ်သုတ်ခြင်းလုပ်ငန်း စုစုပေါင်းစတုရန်းပေ ၈၁၀၀ ခန့် ဆောင်ရွက်ခြင်း၊ ပလက်ဖောင်းများနှင့် ခေါင်းလောင်းတိုင်များ ဆေးသုတ်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါလုပ်ငန်းအတွက် နိုင်ငံတော်ဘတ်ဂျက်မှ စုစုပေါင်းကုန်ကျငွေကျပ် ၄၉၇၁၉၅၀ ကုန်ကျခံဆောင်ရွက်ခဲ့ပါသည်။

**(၁၁) ဆိုဖာဆက်တီများမွမ်းမံခြင်း။** မဟာပါသာဏလိုဏ်ဂူတော်အတွင်းရှိ ဆိုဖာဆက်တီများ၊ လက်တင်ထိုင်ခုံနှင့် ထိုင်ခုံစွပ်များ အစားထိုးပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ခြင်းကြောင့် မဟာပါသာဏလိုဏ်ဂူတော်အတွင်းကျင်းပသည့် သာသနာရေးဆိုင်ရာ အခမ်းအနားများတွင် တက်ရောက်လာကြသည့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအနေဖြင့် အေးချမ်းစွာ သီတင်းသုံးနိုင်ကြပြီဖြစ်ပါသည်။ အဆိုပါလုပ်ငန်းအတွက် နိုင်ငံတော်ဘတ်ဂျက်မှ စုစုပေါင်းငွေကျပ် ၄၈၀၀၀၀၀ ကုန်ကျခံ ပြုပြင်မွမ်းမံဆောင်ရွက်ခဲ့ပါသည်။

**(၁၂) ဆက်တီအစွပ်များပြုလုပ်ခြင်း။** မဟာပါသာဏလိုဏ်ဂူတော်အတွင်းရှိ ဝဲ/ ယာ သံဃာစင်များတွင် ထားရှိသော သစ်သားဆက်တီ အလုံး ၆၀၀ပေါ်၌ ရေမြှုပ်ဆက်တီအစွပ်များ အသစ်ချုပ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ခြင်းကြောင့် လိုဏ်ဂူတော်အတွင်း နှစ်စဉ်ကျင်းပလျက်ရှိသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားများတွင် ကြွရောက်လာကြသည့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ သက်သောင့်သက်သာ အနေအထားရှိပြီး အသံထိန်းရာတွင်လည်း အထောက်အကူပြုလျက်ရှိပါသည်။ အဆိုပါလုပ်ငန်းအတွက် နိုင်ငံတော်ဘတ်ဂျက်မှ စုစုပေါင်းငွေကျပ် ၄၈၀၀၀၀၀ ကုန်ကျခံဆောင်ရွက်ခဲ့ပါသည်။

**(၁၃) အသံထိန်းနံရံများပြင်ဆင်ခြင်း။** မဟာပါသာဏလိုဏ်ဂူတော်အတွင်းရှိ အသံထိန်းနံရံ စုစုပေါင်း စတုရန်းပေ ၈၁၀၀ ကို အသံစုပ်ရေမြှုပ်များဖြင့် အစားထိုး လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းအတွက် စုစုပေါင်းကုန်ကျငွေကျပ် ၁၆၂၁၀၉၀၀ အား စေတနာရှင် အလှူရှင်များက လှူဒါန်းခဲ့ပါသည်။ ယခင်က အဆိုပါအသံထိန်းနံရံများသည် ဝါဂွမ်းများဖြင့် ပြုလုပ်ထားခဲ့သဖြင့် လိုဏ်ဂူတွင် မိုးယိုစိမ့်သည့်အခါ ဝါဂွမ်းများ ရေစိုပျက်စီးပြီး အခမ်းအနားများတွင် ပဲ့တင်သံနှင့် လိုဏ်သံများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် ယခုအခါတွင် ၂၇-၁၂-၂၀၁၅ ရက်နေ့မှစ၍ ၃၃ ရက်တိုင်တိုင် လိုဏ်ဂူတော်အတွင်း ကျင်းပမည့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ၊ အာဂုံပြန်ဆိုပွဲမှစတင်၍ ဆူညံသံ၊ လိုဏ်သံ၊ ပဲ့တင်သံများ နှောင့်ယှက်မှုမှ ကင်းဝေးတော့မည်ဖြစ်ပါသည်။

**(၁၄) ရေတိုင်ကီ လေးလုံး လဲလှယ်တပ်ဆင်ခြင်း။** မဟာပါသာဏလိုဏ်ဂူတော်အမိုး၌ လေးပေပတ်လည် ရေတိုင်ကီ ရှစ်လုံးအနက် လေးလုံးမှာ အစားထိုးလဲလှယ်ရန် လိုအပ်သဖြင့် လေးပေပတ်လည် ဖိုင်ဘာရေတိုင်ကီလေးလုံးဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခဲ့မှုကြောင့် လိုဏ်ဂူအတွင်းကျင်းပသည့် အခမ်းအနားများ၌ ကြွရောက်လာသည့်သံဃာတော်များ၊ ဧည့်ပရိသတ်များ၊ သန့်ရှင်းရေးနှင့် ရေအိမ်များအတွက် အထောက်အကူများစွာ ဖြစ်စေမည် ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းအတွက် နိုင်ငံတော်ဘတ်ဂျက်မှ စုစုပေါင်းကုန်ကျငွေကျပ် ၁၉၆၀၀၀၀ ကုန်ကျခံပြုပြင်မွမ်းမံဆောင်ရွက်ခဲ့ပါသည်။

**(၁၅) ကျောက်တောင်များပြုပြင်ခြင်း။** မဟာပါသာဏလိုဏ်ဂူတော်ရှိ ၁၀ လက်မ သံပိုက်ရေထုတ်ပြွန်အချို့ ပျက်စီးနေသောကြောင့် မိုးရွာသည့်အခါ လိုဏ်ဂူပတ်လည်၌ ရေဝပ်လျက်ရှိသဖြင့် လိုဏ်ဂူဘေး ကျောက်တောင်များ၏အောက်ခြေကို ရေတိုးဝင်တိုက်စားမှု ၂၀၁၄ ခုနှစ် မေလတွင်တစ်ကြိမ်၊ ၂၀၁၅ ခုနှစ် ဇူလိုင်လတွင်တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ် လိုဏ်ဂူ၏ အနောက်မြောက်ထောင့်၌ ဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါ အနောက်မြောက်ထောင့်ရှိ ကျောက်တောင်၏ အောက်ခြေအား သဲ ၈၅ ကျင်းခန့် ဖြည့်သွင်းခြင်း၊ ရေလွှဲပိတ်လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် လိုဏ်ဂူတော်အပြင်ဘက် ကျောက်တောင်များ ကြံ့ခိုင်ရေးကို အထောက်အကူများစွာ ပြုနိုင်ခဲ့ပါသည်။ အဆိုပါလုပ်ငန်းအတွက် နိုင်ငံတော်ဘတ်ဂျက်မှ စုစုပေါင်းငွေကျပ် ၃၂၀၇၀၀၀ ကုန်ကျခံပြုပြင်မွမ်းမံခဲ့ပါသည်။

စာမျက်နှာ ၈ သို့ »»

**ပြည်ထောင်စုလွှတ်တော်အစည်းအဝေး**

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်း

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ယနေ့မွန်းတည့်၁၂ နာရီတွင်ကျင်းပပြီး ဥပဒေကြမ်း(၂)ခု အတည်ပြုခြင်း၊ ဥပဒေကြမ်း(၂)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း(၁)ခု ရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ လွှတ်တော်နာယက သူရဦးရွှေမန်းက နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ၂၀၁၀-၂၀၁၁ ပုံမှန်ဈေးနှုန်းဖြင့် ၇ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ရန် ခန့်မှန်းထားပါကြောင်း။

လယ်ယာကဏ္ဍတွင် ၅ ဒသမ ၄ ရာခိုင်နှုန်း၊ သားငါးကဏ္ဍတွင် ၃ ဒသမ ၁ ရာခိုင်နှုန်း၊ သစ်တောကဏ္ဍတွင် အနုတ် ၂၃ ဒသမ သုည ရာခိုင်နှုန်း၊ စွမ်းအင်ကဏ္ဍတွင် ၁၈ ဒသမ ၈ ရာခိုင်နှုန်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၁၁ ဒသမ ၅ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍတွင် ၁၀ ဒသမ ၈ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၆ ဒသမ ၅ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကဏ္ဍတွင် ၁၄ ဒသမ ၃ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍတွင် ၇ ဒသမ ၇ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ၈ ဒသမ ၄ ရာခိုင်နှုန်း၊ ငွေရေးကြေးရေးကဏ္ဍတွင် ၈ ဒသမ ၂ ရာခိုင်နှုန်း၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၄ ဒသမ ၆ ရာခိုင်နှုန်း၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂ ဒသမ ၃ ရာခိုင်နှုန်းနှင့် ကုန်သွယ်မှုကဏ္ဍတွင် ၆ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးတက်ရန် ရည်မှန်းထားပါကြောင်း။

လယ်ယာကဏ္ဍ၏ ပါဝင်မှု အချိုးအစားကို ၂၆ ဒသမ ၂ ရာခိုင်နှုန်းမှ ၂၅ ဒသမ ၆ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍ၏ ပါဝင်မှု အချိုးအစားကို ၃၅ ဒသမ သုည ရာခိုင်နှုန်းမှ ၃၅ ဒသမ ၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍ၏ ပါဝင်မှုအချိုးအစားကို ၃၈ ဒသမ ၈ ရာခိုင်နှုန်းမှ ၃၈ ဒသမ ၅ ရာခိုင်နှုန်းသို့လည်းကောင်း ဖြစ်ပေါ်ရန် ရည်မှန်းထားပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်။

ထို့ပြင် ကချင်ပြည်နယ်၏ စီမံကိန်းရည်မှန်းချက်တွင် ၁၁ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရန်နှင့် လူတစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး ကျပ် ၉ ဒသမ ၄ သိန်းကျော်၊ ကယားပြည်နယ်၏ စီမံကိန်းရည်မှန်းချက်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်ဦးချင်း ထုတ်လုပ်မှုတန်ဖိုး ကျပ် ၉ ဒသမ ၆ သိန်းကျော်၊ ကရင်ပြည်နယ်၏ စီမံကိန်းရည်မှန်းချက်တွင် ၇ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး ကျပ် ၉ ဒသမ ၃ သိန်း၊ ချင်းပြည်နယ်၏ စီမံကိန်းရည်မှန်းချက်တွင် ၃၀ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး ကျပ် ၈ ဒသမ ၂ သိန်းကျော်ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်တွင် ၈ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး ကျပ် ၁၇ ဒသမ ၇ သိန်း၊ တနင်္သာရီတိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်တွင် ၄ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး ကျပ် ၂၄ ဒသမ ၇ သိန်းကျော်၊ ပဲခူးတိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်တွင် ၇ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး ကျပ် ၁၃ ဒသမ ၄ သိန်းကျော်၊ မကွေးတိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်တွင် ၈ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန်နှင့် တစ်ဦးချင်း ထုတ်လုပ်မှုတန်ဖိုး ကျပ် ၁၈ ဒသမ ၈ သိန်းကျော်၊ မန္တလေးတိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်တွင် ၈ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး ကျပ် ၁၃ ဒသမ ၇ သိန်း၊ မွန်ပြည်နယ်၏ စီမံကိန်းရည်မှန်းချက်တွင် ၇ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး ကျပ် ၁၅ ဒသမ ၆ သိန်း၊ ရခိုင်ပြည်နယ်၏ စီမံကိန်းရည်မှန်းချက်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး ကျပ် ၁၃ ဒသမ ၄ သိန်းကျော်ဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်တွင် ၈ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး ကျပ် ၂၅ ဒသမ ၂ သိန်းခန့်၊ ရှမ်းပြည်နယ်၏ စီမံကိန်းရည်မှန်းချက်တွင် ၇ ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး ကျပ် ၈ ဒသမ ၁ သိန်း၊ ဧရာဝတီတိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်တွင် ၆ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး ကျပ် ၁၆ ဒသမ ၃ သိန်းကျော်နှင့် နေပြည်တော် ကောင်စီနယ်မြေ၏ စီမံကိန်းရည်မှန်းချက်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုးကို ကျပ် ၁၄ သိန်းဖြစ်ပေါ်ရန် ရည်မှန်းထားပါကြောင်း။

လက်ရှိအခြေအနေအပေါ် မူတည်ပြီး တွက်ချက်မှုများအရ ငွေကြေးဖောင်းပွမှုနှုန်းကို ၁၁ ဒသမ ၆၈ ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒနှင့် ကုန်သွယ်မှုမူဝါဒများကို ထိန်းကျောင်းပြီး ငွေကြေးဖောင်းပွမှုနှုန်းကို ၅ ရာခိုင်နှုန်းအောက်သို့ ရောက်ရှိရန် စီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ထည့်သွင်းရှင်းလင်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က **၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်း** ကို

**စာမျက်နှာ ၉ ကော်လံ ၁ သို့ »»»**

**ပြည်သူ့လွှတ်တော်အစည်းအဝေး**

# ဥပဒေကြမ်း (၃)ခု နှင့်စပ်လျဉ်းသည့် အစီရင်ခံစာ (၃)ခုကို ဖတ်ကြားရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပပြီး ဥပဒေကြမ်း (၃)ခု နှင့်စပ်လျဉ်းသည့် အစီရင်ခံစာ (၃)ခုကို ဖတ်ကြားရှင်းလင်းကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ**(ယာပုံ)**က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့သော **၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ အခကြေးငွေပေးရေးဥပဒေကြမ်း၊ ၂၀၁၅ ခုနှစ် ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေကြမ်း**တို့ကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ (၃)ခုကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြကြသည်။

**၂၀၁၅ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးက အစီရင်ခံစာဖတ်ကြားတင်ပြရာတွင် ယင်းဥပဒေကြမ်း၌ အခန်းပေါင်း ကိုးခန်းနှင့် အပိုဒ်ပေါင်း ၄၁ ပိုဒ်ပါရှိကြောင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆိုင်များနှင့်အလုပ်ဌာနများရှိ အလုပ်သမားများ၏ အလုပ်လုပ်ချိန် သတ်မှတ်ရေး၊ လုပ်ခမှန်ကန်စွာရရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ဥပဒေပါရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးတို့အတွက် ရည်ရွယ်၍ ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း ထည့်သွင်းတင်ပြခဲ့သည်။

**(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်အစည်းအဝေး**

# ချင်းပြည်နယ်၏ တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြား

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **အမျိုးသားလွှတ်တော် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီ၏ အစီရင်ခံစာ**အပါအဝင် အစီရင်ခံစာ နှစ်ခုဖတ်ကြားတင်သွင်းခြင်းနှင့် ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းနှစ်ခု မေးမြန်း ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏ **ချင်းပြည်နယ်၏ (၃)နှစ်အတွင်း တက္ကသိုလ်ဝင်တန်းအောင်ချက်ရာခိုင်နှုန်း အနည်းဆုံးအဆင့်အတန်းသို့ ကျဆင်းသည့်ကိစ္စကို တာဝန်ရှိပြည်နယ်ပညာရေးဌာနမှ လေ့လာသုံးသပ်၊ အဖြေရှာအရေးယူဆောင်ရွက်ထားမှု ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန



ဦးစတီဗင်သာဘိတ်။

ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ချင်းပြည်နယ်တွင် အခြေခံပညာကျောင်း စုစုပေါင်း ၁၃၇၂ ကျောင်းတွင် သင်ကြားရေးဝန်ထမ်းအင်အား စုစုပေါင်း ၇၈၄၃ ဦး ခန့်ထားပေးခဲ့ပြီး ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၂၆၇၀၅ ဦး ပညာသင်ယူဆည်းပူးလျက်ရှိကြောင်း။

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးနှင့် ပတ်သက်၍ ချင်းပြည်နယ် ပညာရေးမှူးရုံးအနေဖြင့် စီမံချက်များရေးဆွဲဆောင်ရွက်ခြင်း၊ ဘာသာရပ်အလိုက် စစ်ဆေးရေးအဖွဲ့များကိုစေလွှတ်၍ သင်ကြားသင်ယူလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးခြင်း၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခများ၏ ပို့ချချက်များကို ထပ်ဆင့်သင်ကြားပို့ချခြင်းများကို ပြုလုပ်ခဲ့ပါကြောင်း၊ ထို့ပြင် အထက်တန်းပြနှင့် အလယ်တန်းပြဆရာ ဆရာမများ၏ ဘာသာရပ်အလိုက် ကျွမ်းကျင်စွာသင်ကြားနိုင်ရေးအတွက် မြို့နယ်အလိုက် မွမ်းမံသင်တန်းများကို ပို့ချခဲ့ပါကြောင်း၊ အောင်ချက်မြင့်မားရေးအတွက် ချင်းပြည်နယ်သာမက တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ပညာရေးမှူးများက စီမံချက်များနှင့် နှစ်စဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ချင်းပြည်နယ်၏ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးနှင့် ပတ်သက်၍ ဆရာ၊ ကျောင်းသား၊ မိဘနည်းတူ ဌာနဆိုင်ရာဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းပါဝင်ဆောင်ရွက်သွားပါက အမှန်တကယ် တိုးတက်လာမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။



ဦးထွန်းမြင့်။

ထို့နောက် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ **ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**ကို ကော်မတီဝင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးထွန်းမြင့်က ဖတ်ကြားတင်သွင်းရာ လွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီ၏ **ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**ကိုကော်မတီအတွင်းရေးမှူး တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇဝနက ဖတ်ကြားတင်သွင်းရာ လွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီ၏ အစီရင်ခံစာတွင် ကော်မတီဖွဲ့စည်းချိန်မှစ၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အသွေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးအတွက် အပြန်အလှန်ဆွေးနွေးခြင်း (Debate) စုစုပေါင်း (၃၄)ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ဆွေးနွေးမှုများ၌ နိုင်ငံရေးဆိုင်ရာ ၆၀ ရာခိုင်နှုန်း၊ စီမံခန့်ခွဲရေးဆိုင်ရာ ၂၀ ရာခိုင်နှုန်း၊ နိုင်ငံတကာရေးနှင့် သုံးသပ်ချက်အပိုင်းတွင် ၂၀ ရာခိုင်နှုန်းနှင့် ပညာရေးပိုင်းတွင် ၁၀ ရာခိုင်နှုန်း ဆွေးနွေးနိုင်ခဲ့ကြောင်းပါရှိသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်ကို ကြိုတင် အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၅ ခုနှစ်အတွင်း ပြောကြားခဲ့သည့် မိန့်ခွန်းများစာအုပ်ထွက်ရှိ

**ရန်ကုန်   ဒီဇင်ဘာ   ၂၂**

၂၀၁၅ ခုနှစ်အတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ပြောကြားခဲ့သည့် ရေဒီယိုမိန့်ခွန်းများနှင့် ပြည်တွင်းငြိမ်းချမ်းမှုတည်ဆောက်ရေး၊ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတို့အတွက် အဓိကကျသောမိန့်ခွန်းများကို ပြန်ကြားရေးဝန်ကြီးဌာနက စုစည်းဖော်ပြထားသည့် စာအုပ်ထွက်ရှိကြောင်း သိရသည်။

အဆိုပါစာအုပ်၌ သမ္မတကြီး၏ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်လိုသော ပြင်းပြသည့်ဆန္ဒနှင့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ပေးလိုသော ထက်သန်သည့်စေတနာတို့ကို ထင်ရှားစွာတွေ့မြင်နိုင်သည့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင် ကျင်းပခဲ့သော "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA)" လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် လည်းကောင်း၊ပြည်သူတို့၏ ဆန္ဒကိုလေးစားလိုက်နာပြီး နိုင်ငံတော်အာဏာကို တည်ငြိမ်အေးချမ်းစွာ လွှဲပြောင်းပေးရန် စနစ်တကျစီမံဆောင်ရွက်နေသည့် သမ္မတကြီး၏ တည်ကြည်လေးနက်သောသိက္ခာသမာဓိကို လေးစားဖွယ်ရာ တွေ့မြင်နိုင်သည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်တွင် ကျင်းပသော နိုင်ငံရေးပါတီများနှင့် တွေ့ဆုံပွဲတွင် လည်းကောင်း၊ မြန်မာနိုင်ငံ၏ အရေးပါအရာရောက်မှုကို ဒေသတွင်းနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံအသီးသီးကပါ သိရှိစေရန် ကြိုးပမ်းခဲ့သော သမ္မတကြီး၏ခေါင်းဆောင်မှုကို မော်ကွန်းတင်ရမည်ဖြစ်သည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသော (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး(မျက်နှာစုံညီ)တွင် လည်းကောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် စိတ်ရှည်သည်းခံ၍ ပြည်သူများဆန္ဒကို အလေးထားဖော်ဆောင်ပေးနေသော သမ္မတကြီး၏ လေးစားဖွယ်ရာ စေတနာနှင့် ရင့်ကျက်တည်ငြိမ်မှုကို တွေ့မြင်နိုင်သည့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်တွင် ကျင်းပသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးသဘောတူစာချုပ်ပါ နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်သဘောတူညီချက်ကို နိုင်ငံတော်သမ္မတထံ ပေးအပ်သည့်အခမ်းအနားတွင် လည်းကောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန် ပြောကြားခဲ့သည့် မိန့်ခွန်းများနှင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လစဉ်ပြောကြားခဲ့သော နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ရေဒီယိုမိန့်ခွန်းများကိုလည်းကောင်း စုစည်းဖော်ပြထားသည်။

ထို့ပြင် မျက်မှောက်ခေတ် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရာတွင် အာရပ်နွေဦးနှင့် မတူကွဲပြားစွာဖြင့် မြန်မာ့နွေဦးကို တည်ငြိမ်အေးချမ်းစွာ ဦးဆောင်အကောင်အထည်ဖော်ခဲ့သော၊ မြန်မာနိုင်ငံ၏ ဂုဏ်ကို ဖော်ဆောင်၍ ကမ္ဘာ့အလယ်တွင် ဝင့်ထည်စေခဲ့သော နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ဆောင်ရွက်ချက်များနှင့် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်ချက်များကို ဤစာအုပ်ပါ မိန့်ခွန်းများက ထိမိစွာဖော်ပြထားသဖြင့် သမိုင်းတန်ဖိုးကြီးမားသော စာအုပ်တစ်အုပ်ဟု ဆိုရမည်ဖြစ်သည်။

ဤစာအုပ်ကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးရှိ စာပေဗိမာန်အရောင်းဆိုင်များတွင် ၂၆-၁၂-၂၀၁၅ ရက်မှစ၍ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**




# ဂီသာဂျဲယံန်သီပွဲတော်သို့ ဘာသာကြီးသုံးခုမှ ဘာသာဝင်များ တက်ရောက်

**ရန်ကုန်   ဒီဇင်ဘာ   ၂၂**

နိုင်ငံအသီးသီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရှရီလာပ်ရဘူးပါးဒ်၏ သမိုင်းဝင်ဂျလဒူခရီးရွှေရတုသဘင် အထိမ်းအမှတ် ဂီသာဂျဲယံန်သီပွဲတော်ကြီးနှင့် ငွေကျပ်သိန်း ၁၅၀၀ တန်ဖိုးရှိ ဘဂဝဒ်ဂီသာကျမ်းဒါနပြုပွဲကြီးကို ဒီဇင်ဘာ ၂၀ ရက် ညနေ ၆ နာရီခွဲက ဆူးလေရှန်ဂရီလာဟိုတယ်၌ ခြိမ့်ခြိမ့်သဲစည်ကားစွာကျင်းပရာ ပွဲတော်သို့နိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာဝင်များ၊ အစ္စလာမ်ဘာသာဝင်များနှင့် ခရစ်ယာန်ဘာသာဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါပွဲပြုလုပ်ရသည့်ရည်ရွယ်ချက်မှာ သုံးချက်ရှိပြီး ဘုရားရှင်မှ ဘဂဝဒ်ဂီသာကျမ်းကိုဟောကြားခဲ့သည့် နှစ်ပတ်လည်အထိမ်းအမှတ်ကြောင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကရိသျှဏ အနုသတိအသင်းကြီးကို တည်ထောင်ခဲ့သော ကျေးဇူးရှင် အာစရိယဆရာတော်ကြီးအေစီဘ(က်)သီးဝေဒါန်းသဆွာမိပ်ရဘူးပါးဒ်၏ ၁၉၆၅ ခုနှစ်တွင် ကွယ်လွန်ခဲ့သော သာသနာပြုခရီးစဉ် နှစ် ၅၀ ပြည့်ရွှေရတုသဘင်အထိမ်းအမှတ်ကြောင့် လည်းကောင်း၊ ၁၉၆၆ ခုနှစ်တွင် တည်ထောင်ခဲ့သော အပြည်ပြည်ဆိုင်ရာ ကရိသျှဏအနုသတိအသင်းကြီးအတွက် နှစ် ၅၀ ပြည့်အကြိုကျင်းပရခြင်းဖြင့် လည်းကောင်း ဘဂဝဒ်ဂီသာကျမ်းဒါနပြုပွဲကြီးမှ သိရသည်။

ကရိသျှဏအနုသတိအသင်း(မြန်မာနိုင်ငံ)ဦးဆောင်ဆရာတော် His Grace Srivas Pandit Das က"ဒီပွဲမှာလာတဲ့ဘာသာဝင်အသီးသီးကို ကျမ်းစာအုပ်လှူဒါန်းရတဲ့ရည်ရွယ်ချက်ကတော့ ကမ္ဘာကြီးမှာ လူတွေက တစ်ဦးနဲ့တစ်ဦး နားလည်မှုတွေလွဲမှားပြီး ကမ္ဘာကြီးဟာ မငြိမ်းမချမ်းဖြစ်လာတဲ့အခါကျတော့ ဒီကျမ်းစာရဲ့ တရားတော်များကို လူတွေဖတ်ကြမယ်ဆိုရင်တော့ အချင်းချင်း တစ်ဦးနဲ့တစ်ဦး ပိုပြီးနားလည်မှုတွေရှိလာမယ်။ ပြီးတော့ ကမ္ဘာကြီးကလည်း ငြိမ်းချမ်းလာမှာပါ။ ပွဲတော်ကို နှစ်စဉ် ကျင်းပဖြစ်တယ်ဆိုပေမယ့် ဒီအကြိမ်က ဆရာတော်ကြီးရဲ့ နှစ် ၅၀ ပြည့် ရွှေရတုသဘင်အထိမ်းအမှတ်နဲ့ တိုက်ဆိုင်လို့ ပွဲတော်ကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားပြုလုပ်ဖြစ်သွားတာပါ။ တက်ရောက်လာကြသူတွေလည်း ငြိမ်းချမ်းမှုရရှိပြီး ဘုရားရှင်နဲ့နီးစပ်မှုကို ရရှိသွားကြမှာပါ"ဟု ပြောကြားသည်။

အဆိုပါပွဲတော်ကြီး၌ ကရိသျှဏအနုသတိအသင်း(မြန်မာနိုင်ငံ) ဦးဆောင်ဆရာတော် His Grace Srivas Pandit Das မှ တက်ရောက်လာကြသော ဧည့်သည်တော်များအား ၁၉၆၅ ခုနှစ်က ဆရာတော်ကြီး ကွယ်လွန်ခဲ့သော သာသနာပြုခရီးစဉ်နှင့် ဘဂဝဒ်ဂီသာကျမ်းလာ အကြောင်းအရာများအား ရှင်းပြဆွေးနွေးခဲ့ပြီး အဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် ဧည့်သည်တော်များအား ဘဂဝဒ်ဂီသာ ကျမ်းစာအုပ်များကို လှူဒါန်းခဲ့သည်။

**(စိုးဝင်း-MLA)**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မြင်းခြံအကျဉ်းထောင်နှင့် ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော်   ဒီဇင်ဘာ   ၂၂**

မြင်းခြံအကျဉ်းထောင်အတွင်း အစာငတ်ခံဆန္ဒပြသူ အကျဉ်းသားနှစ်ဦးအပေါ် ပြုမူဆက်ဆံမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို ယနေ့ရက်စွဲပါ သတင်းထုတ်ပြန်ချက်အမှတ်(၁၇/၂၀၁၅)ဖြင့် ထုတ်ပြန်ခဲ့သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံအား မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ website www.mnhrc.org.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

»»» စာမျက်နှာ ၆ မှ

**(၁၆) ရေထုတ်ပြွန်များပြင်ဆင်ခြင်း။** မဟာပါသာဏလိုဏ်ဂူတော်ရှိ ၁၀ လက်မ သံပိုက်ရေထုတ်ပြွန်ခြောက်လုံး ပျက်စီးချွတ်ယွင်းမှုကို ပြန်လည်မွမ်းမံပြုပြင်နိုင်ခဲ့ခြင်းကြောင့် လိုဏ်ဂူတော်အတွင်း အုတ်နံရံများ၊ ကြမ်းခင်းများ ရေယိုစိမ့်မှုဒဏ်၊ ရေဝပ်ခြင်းဒဏ်တို့မှကင်းဝေးပြီး ရေစီးရေလာကောင်း၍ အဆောက်အအုံကြံ့ခိုင်ရေးကို အထောက်အကူပြုလျက်ရှိပါသည်။ အဆိုပါလုပ်ငန်းအတွက် နိုင်ငံတော်ဘတ်ဂျက်က စုစုပေါင်းကုန်ကျငွေကျပ် ၁၁၈၀၀၀၀ ကုန်ကျခံ ပြုပြင်မွမ်းမံဆောင်ရွက်ခဲ့ပါသည်။

**(၁၇) ရေမြောင်းများပြုလုပ်ခြင်း။** မဟာပါသာဏလိုဏ်ဂူတော်အတွင်းမှ ၁၀ လက်မ သံပိုက်ရေထုတ်ပြွန်များဖြင့် စီးဆင်းလာသည့်ရေများသည် လိုဏ်ဂူပတ်လည်၌ မိုးတွင်းကာလတွင် ရေဝပ်လျက်ရှိသောကြောင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် လိုဏ်ဂူပတ်လည် ကျောက်စီခြံစည်းရိုးဘေး၌ အလျား ၈၄၅ ပေ၊ အနံ ၃ ပေ၊ အနက် ၃ ပေရှိသော ရေထုတ်မြောင်းအား အုတ်ရိုးစီခြင်း၊ ကွန်ကရစ်ကြမ်းခင်းလောင်းခြင်း၊ ကွန်ကရစ်ရေမြောင်းဖုံးများ ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် လိုဏ်ဂူတော်ပတ်လည်ရေဝပ်ခြင်း၊ ရေလွှမ်းမိုးခြင်း အန္တရာယ်မှ ကာကွယ်နိုင်ခဲ့ပြီဖြစ်ပါသည်။ အဆိုပါလုပ်ငန်းအတွက် နိုင်ငံတော်ဘတ်ဂျက်မှ စုစုပေါင်းကုန်ကျငွေကျပ် ၂၁၇၉၀၉၁၀ ကုန်ကျခံဆောင်ရွက်ခဲ့ပါသည်။

**(၁၈) ကုဋီရေအိမ်များပြင်ဆင်ခြင်း။** မဟာပါသာဏလိုဏ်ဂူတော်အတွင်း၌ တောင်ဘက်တွင် ကုဋီရေအိမ် ၁၀ လုံး၊ မြောက်ဘက်တွင် ကုဋီရေအိမ်အလုံး ၂၀၊ အပေါ်ထပ်တွင် ကုဋီရေအိမ် ၁၂ လုံး စုစုပေါင်း ကုဋီရေအိမ် ၄၂ လုံးအနက် တောင်မြောက် ကုဋီရေအိမ် အလုံး ၃၀၊ အပေါ်ထပ် ကုဋီရေအိမ် ၁၀ လုံး စုစုပေါင်း ကုဋီရေအိမ် အလုံး ၄၀ အား အသေးစားမွမ်းမံပြင်ဆင်ခြင်း၊ အပေါ်ထပ် ကုဋီရေအိမ်နှစ်လုံးအား အကြီးစားပြုပြင်ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် အခမ်းအနားများသို့ ကြွရောက်လာကြသည့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဧည့်ပရိသတ်များ သန့်ရှင်းစွာ အသုံးပြုနိုင်ပြီဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများအတွက် နိုင်ငံတော်ဘတ်ဂျက်မှ စုစုပေါင်း ကုန်ကျငွေကျပ် ၁၂၁၅၀၀၀ ကုန်ကျခံ ပြုပြင်မွမ်းမံဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်၌ သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာသမိုင်းဝင် မဟာပါသာဏလိုဏ်ဂူတော်ကြီး အရှည်တည်တံ့ခိုင်ခံ့စေရန်အတွက် ပြုပြင်မွမ်းမံမှုများ၊ အသစ်တည်ဆောက်မှုများ၊ အစားထိုးလဲလှယ်မှုများ၊ ဖြည့်တင်းမှုများ ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်ဘတ်ဂျက်မှ ငွေကျပ် ၁၁၉၂၆၄၇၁၀ နှင့် အများပြည်သူ လှူဒါန်းငွေကျပ် ၂၀၁၂၁၀၉၀၀ စုစုပေါင်းကုန်ကျငွေ ကျပ် ၃၂၀၄၇၅၆၁၀ ကုန်ကျခံ မွမ်းမံပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လှူဒါန်းစေတနာကြည်ညိုရာ။** သမိုင်းဝင်ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးပွဲကြီးများ၊ တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲများ၊ တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲများ၊ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်ပွဲများနှင့် ဘာသာရေး၊ သာသနာရေး အခမ်းအနားများကို အစဉ်အလာမပြတ် ကျင်းပပြုလုပ်လျက်ရှိပါသည်။ အထက်ဖော်ပြပါ သာသနာရေးဆိုင်ရာအခမ်းအနားများသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ သံဃာ့သမ္မုတိရ ကိုယ်စားလှယ် ဆရာတော်များ၊ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်သံဃနာယက ဆရာတော်များ ကြွရောက်လျက်ရှိပြီး နိုင်ငံတော်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စေတနာရှင် အလှူရှင်များနှင့် အများပြည်သူတို့ တက်ရောက်ကြည်ညိုလျက်ရှိကြပါသည်။

ဆဋ္ဌသင်္ဂါယနာတင်သမိုင်းဝင် မဟာပါသာဏလိုဏ်ဂူတော်ကြီး၏ ပြယုဂ်များဖြစ်သော ဘုရား၊ ရဟန္တာရုပ်တု၊ ဆရာတော်ကြီးများ ရုပ်တုတော်များအား ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင်ဆောင်ရွက်ခြင်း၊ ခေါင်မိုးအသစ်များလဲလှယ်တပ်ဆင်ခြင်း၊ အသံထိန်းနံရံများ အစားထိုးခြင်း၊ အလင်းဝင်ပေါက်နှင့် အလင်းရောင်အားကောင်းအောင် ဆောင်ရွက်ခြင်း၊ အသုံးအဆောင်နှင့် ပရိဘောဂများ ဖြည့်တင်းခြင်း၊ လိုဏ်ဂူတော် ရေရှည်ကြံ့ခိုင်ရေး ကောင်းအောင်ဆောင်ရွက်ခြင်း၊ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ခြင်း၊ ကုဋီရေအိမ်များအား မွမ်းမံပြင်ဆင်ခြင်း အစရှိသော ပြုပြင်မွမ်းမံမှုများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှု၊ အလှူရှင်များ၊ အများပြည်သူများ၏ လှူဒါန်းငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းဖြစ်ရာ သဒ္ဓါကြည်လင်ပါရမီရှင်အပေါင်းတို့က ဝမ်းပန်းတသာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြပြီဖြစ်ပါသည်။

ယခုနှစ်တွင် ကျင်းပသည့် (၆၈)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ၂၇-၁၂-၂၀၁၅ ရက်နေ့မှ ၂၈-၁-၂၀၁၆ ရက်နေ့ထိ ၃၃ ရက်ကြာ ကျင်းပမည့် တိပိဋကစာဖြေသံဃာတော်များ အနေဖြင့် မဟာပါသာဏလိုဏ်ဂူတော်အတွင်း အလင်းဝင်ပေါက်နှင့် အလင်းရောင်များ အားဖြည့်ထားခြင်း၊ အသံထိန်းနံရံများ အစားထိုးလဲလှယ်ထားခြင်းနှင့် လိုအပ်ချက်များအား ဖြည့်ဆည်းစီမံထားခြင်းတို့ကြောင့် စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ကြပြီ ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ဆဋ္ဌသင်္ဂါယနာတင် သမိုင်းဝင်ပြယုဂ်တစ်ခုဖြစ်သော မဟာပါသာဏလိုဏ်ဂူတော်ကြီး အရှည်တည်တံ့ခိုင်ခံ့စေရန် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်နိုင်ရေးအတွက် လမ်းညွှန်စီမံဖြည့်ဆည်းပေးမှုသည် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားစေရေးအတွက် အလွန်အားကောင်းသော အထောက်အပံ့တစ်ခုဖြစ်ပါကြောင်း ကုသိုလ်အကျိုးထူးတရားများ တိုးပွားကြစေရန် အလို့ငှာ ရေးသားတင်ပြလိုက်ရပါသည်။ ။

# မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၆။ )**
**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (၅)၊ ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၄)၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၃၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ဆ) နှင့် ပုဒ်မ ၃၃ တို့ကို ပယ်ဖျက်ရမည်။

၃။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေတွင် ပါရှိသော "the Excise Commissioner" ဆိုသည့် စကားရပ်ကို "the Director General of the General Administration Department" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) နှင့် (ဂ) တို့တွင် ပါရှိသော "the Excise Department" ဆိုသည့် စကားရပ်ကို "the General Administration Department" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၀ တွင် ပါရှိသော "shall be punishable with imprisonment which may extend to six months, or with fine which may extend to one thousand kyats or with both." ဆိုသည့် စကားရပ်ကို "shall be punishable with imprisonment for a term from a minimum of six months to a maximum of two years, or shall be liable to fine with a minimum of one million kyats to a maximum of two million kyats or with both." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၁ တွင် ပါရှိသော "shall be punishable with imprisonment which may extend to one year and shall also be liable to fine."ဆိုသည့် စကားရပ်ကို "shall be punishable with imprisonment for a term from a minimum of one year to a maximum of three years and shall also be liable to fine with a minimum of two million kyats to a maximum of three million kyats." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၄ တွင် ပါရှိသော "shall be punishable with imprisonment which may extend to six months, or with fine which may extend to one thousand kyats or with both." ဆိုသည့် စကားရပ်ကို "shall be punishable with imprisonment for a term from a minimum of six months to a maximum of one year, or shall be liable to fine with a minimum of two-hundred thousand kyats to a maximum of four-hundred thousand kyats or with both." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၇ တွင် ပါရှိသော "shall be punishable with imprisonment for a term which may extend to six months, or with fine which may extend to one thousand kyats, or with both." ဆိုသည့် စကားရပ်ကို "shall be punishable with imprisonment for a term from a minimum of three months to a maximum of six months, or shall be liable to fine with a minimum of one-hundred thousand kyats to a maximum of two-hundred thousand kyats, or with both." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "or of selling or administering any intoxicating drug or knowingly permits any place owned or occupied by him or under his control to be kept or used for such purposes," ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၀။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "shall be punishable with imprisonment for a term which may extend to one year, or with fine which may extend to two thousand kyats or with both." ဆိုသည့် စကားရပ်ကို "shall be punishable with imprisonment for a term from a minimum of six months to a maximum of one year, or shall be liable to fine with a minimum of two-hundred thousand kyats to a maximum of four-hundred thousand kyats or with both." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ် (က) နှင့်(ဂ)တို့တွင် ပါရှိသော "or of selling or administering any intoxicating drug " ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၂။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၉ တွင် ပါရှိသော "shall be punishable with fine which may extend to two hundred kyats." ဆိုသည့် စကားရပ်ကို "shall be punishable with fine a minimum of thirty thousand kyats to a maximum of fifty thousand kyats." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၄၀၊ အပိုဒ်ခွဲ (၁) တွင် ပါရှိသော "may be liable be punishable with fine which may extend to five hundred kyats." ဆိုသည့်စကားရပ်ကို "may be liable be punishable with fine a minimum of thirty thousand kyats to a maximum of fifty thousand kyats." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၄၁ တွင် ပါရှိသော "he shall be punishable in case (a) with fine which may extend to two hundred kyats, and in case (b) or case (c) with fine which may extend to five hundred kyats."ဆိုသည့် စကားရပ်ကို "he shall be punishable in case (a) with fine a minimum of thirty thousand kyats to a maximum of fifty thousand kyats, and in case (b) or case (c) with fine a minimum of fifty thousand kyats to a maximum of one-hundred thousand kyats." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၄၂၊ အပိုဒ်ခွဲ (၁) တွင် ပါရှိသော "he shall be punishable with imprisonment for a term which may extend to three months, or with fine which may extend to one thousand kyats, or with both." ဆိုသည့် စကားရပ်ကို "he shall be punishable with imprisonment for a term from a minimum of six months to a maximum of one year, or with fine a minimum of two-hundred thousand kyats to a maximum of four-hundred thousand kyats or with both." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၄၂၊ အပိုဒ်ခွဲ (၂) တွင် ပါရှိသော "he shall be punishable with fine which may extend to two hundred kyats." ဆိုသည့်စကားရပ်ကို "he shall be punishable with fine a minimum of thirty thousand kyats to a maximum of fifty thousand kyats." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၄၄၊ ပုဒ်မခွဲ (က) တွင်ပါရှိသော "or any apparatus for administering any intoxicating drug," ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၇ ။)**
**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဆ) တိုင်းဒေသကြီးနှင့် ပြည်နယ်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအမျိုးအစားအရလည်းကောင်း၊ သဘာဝအရင်းအမြစ် အနေအထားအရလည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုပေးနိုင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ လုပ်ပိုင်ခွင့် ခွဲဝေသတ်မှတ်နိုင်ရေးညှိနှိုင်းဆောင်ရွက်ခြင်း၊"

၃။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၃ ၏ နောက်တွင် ပုဒ်မ ၁၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၃-က။ ကော်မရှင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ မိမိ၏လုပ်ပိုင်ခွင့်များကို ခွဲဝေသတ်မှတ်ပေးနိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၈ ။)**
**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဇ) တိုင်းဒေသကြီးနှင့် ပြည်နယ်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအမျိုးအစားအရလည်းကောင်း၊ သဘာဝအရင်းအမြစ် အနေအထားအရလည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုပေးနိုင်သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ လုပ်ပိုင်ခွင့် ခွဲဝေသတ်မှတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊"

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၂ ၏ နောက်တွင် ပုဒ်မ ၁၂-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၂-က။ ကော်မရှင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ မိမိ၏လုပ်ပိုင်ခွင့်များကို ခွဲဝေသတ်မှတ်ပေးနိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**»» စာမျက်နှာ ၇ မှ**

လွှတ်တော်သို့ တင်သွင်းသည်။

ယင်းနောက် **၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါရငွေသုံးငွေများ**နှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဦးမြသိမ်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးမြင့်ဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကို၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

**(သတင်းစဉ်)**

■

# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း

## (ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

**ယမန်နေ့မှအဆက်**

၁၅။ ဤဥပဒေ ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၆။ အထက် ပုဒ်မ ၁၄ ပါ ကုန်စည်များမှတစ်ပါး အခြားကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုည ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့် စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

၁၇။ စွမ်းအင်ဝန်ကြီးဌာနမှ ဂျက်လေယာဉ်ဆီများ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်ပမှတင်သွင်းခြင်းနှင့် ရောင်းချခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းသာ ကျသင့်စေရမည်။

၁၈။ ဤဥပဒေ၏ အခန်း(၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

**အခန်း (၆)**

**ဝင်ငွေခွန်**

၁၉။ (က) မည်သူ့ကိုမဆို လစာ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်သည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (၁) | ၁ | ၂၀၀၀၀၀၀ | ၀ ရာခိုင်နှုန်း |
| (၂) | ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၅ ရာခိုင်နှုန်း |
| (၃) | ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (၄) | ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (၅) | ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (၆) | ၃၀၀၀၀၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

(ခ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံ ငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်း ငှားရမ်းခရငွေအပေါ် ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြား စည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့် ပူးပေါင်း၍ ထပ်မံ စည်းကြပ်ခြင်း မပြုရ။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများ ဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(ဂ) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူ တစ်ဦးဦး သို့မဟုတ် ဝင်ငွေ အမျိုးအစား တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သီးခြား ဝင်ငွေခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေ နိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်း ဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၁။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရ ဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီဖြစ်လျှင် ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ယင်းကုမ္ပဏီက ရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်း အသားတင် အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၂။ ပြည်ပနေ နိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ နုတ်ပယ်ခြင်း မပြုရ၊ ယင်း၏ စုစုပေါင်း ဝင်ငွေအပေါ် -

(က) လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။

(ခ) လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေဖြစ်ပါက ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၃။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ယင်းလုပ်ငန်း၏ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ မနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသား မည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ် တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့် ဝင်ငွေမှ ဝင်ငွေရလမ်း တင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်တွင် လည်းကောင်း၊ ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင် လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်းအတိအကျ တင်ပြနိုင်ပါက ဝင်ငွေခွန် ထမ်းဆောင်ရန် မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင် ရရှိသည့် ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့် လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ-

| စဉ် | ဝင်ငွေ(ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| (က) | ၁ - ၁၀၀၀၀၀၀၀၀ | ၃% |
| (ခ) | ၁၀၀၀၀၀၀၀၁ - ၅၀၀၀၀၀၀၀၀ | ၅% |
| (ဂ) | ၅၀၀၀၀၀၀၀၁ - ၁၀၀၀၀၀၀၀၀၀ | ၁၀% |
| (ဃ) | ၁၀၀၀၀၀၀၀၀၁ - ၁၅၀၀၀၀၀၀၀၀ | ၂၀% |
| (င) | ၁၅၀၀၀၀၀၀၀၁ နှင့်အထက် | ၃၀% |

၂၅။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် -

(က) အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉ ပါ ဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၆။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းအသားတင်အမြတ် ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့ မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၆-က အရ သက်သာခွင့်များ မနုတ်မီ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင် မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

| | မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|---|
| (၁) | ညီမျှကျပ်သန်းပေါင်း (၁၀၀၀၀၀)အထိ | ၄၀ % |
| (၂) | ညီမျှကျပ်သန်းပေါင်း (၁၀၀၀၀၁)မှ (၁၅၀၀၀၀) အထိ | ၄၅ % |
| (၃) | ညီမျှကျပ်သန်းပေါင်း (၁၅၀၀၀၁)နှင့်အထက် | ၅၀ % |

(ခ) မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှတစ်ပါး အခြားပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်း ပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်သည့် နှစ်တစ်နှစ်အတွင်း အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည်ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန် စည်းကြပ်ခြင်း မပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စား လုပ်ငန်းများအတွက် လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်အတွင်း ဝင်ငွေကျပ်သိန်း ၁၀၀ ထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန် စည်းကြပ်ရမည်။

၃၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစား တစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေ စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၃၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)တွင် အတူနေ မိဘအတွက် ခွင့်ပြုငွေကို ဖြည့်စွက်လျက် အောက်ပါသက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၂) ပါ တစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန် စည်းကြပ်ရမည်-

(က) အတူနေ မိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၃၂။ အခြေပစ္စည်းမှမြတ်စွန်းငွေ ခေါင်းစဉ်မှအပ ကျန်ဝင်ငွေ ခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသား ဖြစ်ပါက ကျပ်ငွေဖြင့် လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၃။ အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည် -

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ် ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(ခ) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ် ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်း ဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(ဂ) နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူး တံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(ဃ) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့် ရရှိသော လစာခေါင်းစဉ်မှဝင်ငွေ၊

(င) နိုင်ငံ့ဝန်ထမ်း အငြိမ်းစားယူသည့်အခါ ရရှိသည့် ပင်စင်နှင့် ကရုဏာကြေး၊

(စ) အစိုးရအောင်ဘာလေ သိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ။

၃၄။ ဤဥပဒေ အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန် ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

**အခန်း (၇)**

**အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့် နှုန်းထားများ**

၃၅။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့် နှုန်းထားများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်-

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ခများ၊

(ဂ) မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) တံဆိပ်ခေါင်းခွန်၊

(စ) မုတ်ကောင် ဝတ်ဆံသွင်းအခွန်၊

(ဆ) အကောက်ခွန်၊

(ဇ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဈ) ရေခွန်၊

(ည) တာတမံခွန်၊

(ဋ) သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊

(ဌ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)

(ဍ) ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊

(ဎ) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊

(တ) ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊

(ထ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ။

၃၆။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများ ထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်း လုပ်ငန်းတို့သည်-

(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့် ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင် ဤဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မ ၁၄ တို့ပါ အခွန်နှုန်းများအတိုင်း ကုန်သွယ်လုပ်ငန်းခွန် ထမ်းဆောင်ရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ဂ) ဝင်ငွေနှစ်အတွင်း ရရှိသည့် စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန် ထမ်းဆောင်ရမည်။

**အခန်း(၈)**

**အထွေထွေ**

၃၇။ ပြည်ထောင်စုအစိုးရသည် လိုအပ်ပါက အခွန်ကောက်ခံမှုအထောက်အကူပြု အဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်။

၃၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့် ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် လည်းကောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အဓိက မှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ရေရှည်အကျိုးစီးပွားဖြစ်ထွန်း တိုးတက်လာစေရန် လည်းကောင်း၊ နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်း မရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့် ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးနှင့် အာဆီယံကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေ၊ ပို့ကုန်သွင်းကုန် ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့်အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၉။ သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ အခွန်ပေးဆောင်လာစေရေးအတွက် ပြည်သူများသို့ အခွန်ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့် ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းပြုလုပ်ပေးရမည်။

**စာမျက်နှာ ၁၁ သို့ »»**

## ပြည်တွင်းရေးရာ

« « စာမျက်နှာ ၁၀ မှ

### ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်
### ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်

| အမှတ်စဉ် | | ပြည်ထောင်စု အစိုးရအဖွဲ့၏ တာဝန်ခံ ဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၆- ၂၀၁၇ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂၄၈၅၁၁၀. ၀၅၆** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၉၄၀. ၃၁၁ |
| | ၂ | ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂၂၂၉၉၂၉. ၇၄၅ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ခများ၊ | ၅၀၀၀. ၀၀၀ |
| | ၄ | ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊ | ၃၀၀၀၀. ၀၀၀ |
| | ၅ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၈၁၄၇၀. ၀၀၀ |
| | ၆ | ဘဏ္ဍာရေးဝန်ကြီးဌာန | တံဆိပ်ခေါင်းခွန်၊ | ၃၇၇၁၀. ၀၀၀ |
| | ၇ | သတ္တုတွင်းဝန်ကြီးဌာန | မှတ်ကောင် ဝတ်ဆံသွင်း အခွန် | ၄၆၀. ၀၀၀ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂၃၇၀၄၃၄. ၆၄၅** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၂၃၇၀၄၃၄. ၆၄၅ |
| ၃ | | | **အကောက်ခွန်** | **၄၇၅၀၀၀. ၀၀၀** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်။ | ၄၇၅၀၀၀. ၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှု အပေါ် ကောက်ခံသည့် အခွန်အကောက်** | **၈၈၇၃၈၄. ၃၃၆** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန၊ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၁. ၄၈၅ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန် | ၁၃. ၇၂၃ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန၊ | တာတမံခွန်၊ | ၀. ၀၂၅ |
| | ၄ | ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၂၈၈၆. ၂၆၅ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊ (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင် ကျောက်များမပါ) | ၃. ၈၅၅ |
| | ၆ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၁၃၀၃. ၈၀၀ |
| | ၇ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူသည့် အတွက် ကောက်ခံသည့် အခွန်၊ | ၇၁၀၆၁၃. ၇၁၄ |
| | ၈ | သတ္တုတွင်းဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ | ၁၉၅၄၀. ၀၀၀ |
| | ၉ | ဆက်သွယ်ရေးနှင့် သတင်း အချက်အလက်နည်းပညာဝန်ကြီးဌာန | ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့်ကောက်ခံသည့် အခွန်အခ၊ | ၁၄၂၅၉၅. ၁၄၉ |
| | ၁၀ | လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊ | ၁၀၄၂၆. ၃၂၀ |
| | | | **စုစုပေါင်း** | **၆၂၁၈၃၂၉. ၀၃၇** |



## ပွင့်လင်းရာသီတွင် ဟော်လိုသံပိုက်ဖြင့် အိမ်တွင်းပရိဘောဂလုပ်ငန်းများ တွင်ကျယ်လာ

**တပ်ကုန်း ဒီဇင်ဘာ ၂၂**

ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် နေအိမ်များအသစ်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ ပြုပြင်ခြင်းများ ပြုလုပ်မှုများလာသည်နှင့်အတူ တပ်ကုန်းမြို့နယ်၌ စတီးနှင့် ဟော်လိုသံပိုက်ဖြင့် အိမ်တွင်း ပရိဘောဂလုပ်ကိုင်သူများလည်း တွင်ကျယ်စွာလုပ်ကိုင်လာကြကြောင်းသိရသည်။

တပ်ကုန်းမြို့တွင် နေအိမ်များဆောက်ရာ၌ ဝရန်တာလက်ရန်းများကို ခေတ်နှင့်အညီ ဟော်လိုသံပိုက်တိုင်များဖြင့် ပြုလုပ်လာကြပြီး ခြံစည်းရိုးများကိုလည်း အုတ်တံတိုင်းကာရံကာ ဝင်းတံခါးများအဖြစ် စတီး သို့မဟုတ် သံပန်းတံခါး၊ သံတိုင်များဖြင့် ပြုလုပ်မှုများလာသည်ကိုတွေ့ရသည်။

စတီးအပြင် ဟော်လိုသံပိုက်များအသုံးပြုပြီး အိမ်တွင်းပရိဘောဂဖြစ်သော ဘုရားစင်၊ တီဗွီစင်၊ အလှပန်းအိုးစင်၊ အဝတ်စားထည့်ဗီရို၊ ထမင်းစား စားပွဲ၊ ကုလားထိုင်များ အသုံးများလာသဖြင့် သံပန်းလုပ်ငန်းပညာရှင်များထံတွင် နေ့စဉ် အပ်ထည်များ များပြားလျက်ရှိကြောင်း သိရသည်။ **(တင်စိုးလွင်)**

❐ **ကျောဖုံးမှ**

ယင်းမြို့လေးတွင် ကချင်တိုင်းရင်းသား အနွယ်ဝင် လော်ဝေါ်၊ လာချိတ်၊ လီဆူးမျိုးနွယ်တို့ အများစုနေထိုင်ကြပြီး အိမ်ထောင်စု ၁၇၀ ကျော်တွင် လူဦးရေ ၁၁၀၀ ကျော် နေထိုင်သည်။ ကျေးလက်ဒေသတွင် အိမ်ခြေ ၁၂၀၀ ကျော်ရှိပြီး လူဦးရေ ၆၉၀၀ ကျော်နေထိုင်သောကြောင့် ပန်ဝါမြို့လေးတွင် လူဦးရေစုစုပေါင်း ၈၀၀၀ ကျော်ရှိသည်။

အဖိုးတန်သတ္တုများထွက်ရှိရာမြေဖြစ်သောကြောင့် သတ္တုတွင်းလုပ်ငန်းကို အများစုလုပ်ကိုင်ကြသည်။ စိုက်ပျိုးမြေရှိသော်လည်း အေးမြသည့် ရာသီဥတုအခြေအနေပေါ်မူတည်ပြီး တောင်ပေါ်သီးနှံအနည်းငယ်သာစိုက်ပျိုးကြပြီး ချဉ်စော်ခါးသီးကိုမူ အများဆုံးစိုက်ပျိုးကြသည်။ နယ်စပ်မြို့လေးတစ်မြို့ဖြစ်သည်နှင့်အညီ ကုန်သွယ်ခြင်းကိုလည်း အဓိကထား လုပ်ကိုင်ကြသည်။ ပန်ဝါမြို့တွင် တိုင်းရင်းသားလူမျိုးအများစု နေထိုင်ကြပြီး အများစုမှာ ခရစ်ယာန်ဘာသာကိုသာ သက်ဝင်ယုံကြည်ကြသည်။ ထူးခြားစွာပင် ယင်းမြို့လေးတွင် ဗုဒ္ဓဘာသာ ဘုရားစေတီ နှစ်ဆူနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းရှိသည်။ မြို့ပေါ် အမှတ်(၁)ရပ်ကွက်ရှိ ဇမ္ဗူဗြိမ်းစေတီတော်၊ မြို့ဦးဘုန်းကြီးကျောင်းနှင့် စိန်ပေါလ်ကက်သလစ် ဘုရားကျောင်းတို့သည် ထင်ရှားကျော်ကြားသည့် နေရာများဖြစ်သည်။

မူလတန်း၊ အလယ်တန်း၊ အထက်တန်း စာသင်ကျောင်း သုံးကျောင်းရှိပြီး ကျောင်းသားဦးရေ ၁၄၀၀ ကျော် ပညာသင်ကြားလျက်ရှိကာ ဘောလုံးအားကစားကွင်း တစ်ကွင်းသာရှိသည်။ (၂၅) ခုတင်ဆံ့ပန်ဝါဆေးရုံကြီး တည်ရှိသလို လန်းဂျောရှီးကျန်၊ လုပီကျန်း၊ ဖီမောကျေးရွာလေးရွာတွင် ကျန်းမာရေးဌာနခွဲ တစ်ခုစီရှိကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လဝက၊ စည်ပင်၊ နတလ၊ စိုက်ပျိုးရေး၊ မြေစာရင်း၊ ဆောက်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ တိ/မွေးကု၊ ရုပ်သံ၊ ပြန်/ဆက်၊ လျှပ်စစ်၊ သတင်းတပ်ဖွဲ့၊ နကသ စသည်ဖြင့် စုစုပေါင်းအစိုးရဌာနဆိုင်ရာ အဖွဲ့အစည်း ၁၇ ခုလည်းရှိသောကြောင့် နေထိုင်သူဦးရေ နည်းပါးသော်လည်း မြို့အင်္ဂါရပ်နှင့်အညီ တည်ရှိနေသည့် မြို့လေးတစ်မြို့ ဖြစ်သည်။

**ပန်ဝါမြို့ဆီသို့**

ရန်ကုန်မှ မြစ်ကြီးနားမြို့ထိ ရောက်အောင် သွားရမည်။ မြစ်ကြီးနားမှ ကန်ပိုက်တီးနယ်စပ်ဖြတ်ကျော်ဂိတ်သို့ ကားငှား၍ ဆက်သွားရပါမည်။ ကန်ပိုက်တီးဂိတ်တွင် သက်ဆိုင်ရာဌာနသို့ဝင်၍ ကုန်းလမ်းခရီးသွား ပတ်(စ်)ပို့ပြုလုပ်ပြီး တရုတ်နိုင်ငံတွင်းသို့ ဝင်ရောက်ကာ ထိုမှတစ်ဆင့် တရုတ်အငှားကားများဖြင့် သွားရမည်။ ကားလမ်းကောင်းမွန်၍ လေးနာရီခန့်သာ စီးနင်းလိုက်ပါပြီး နောက်ဆုံးတရုတ်-မြန်မာနယ်စပ် ဖြတ်ကျော်ဂိတ်သို့ ရောက်ရှိမည်ဖြစ်သည်။ တရုတ်နိုင်ငံတွင်းမှ ထွက်ခွာတံဆိပ်တုံးရိုက်နှိပ်၍ ပြည်တွင်းသို့ ပြန်ဝင်သည်နှင့် ပန်ဝါမြို့လေးအတွင်းသို့ ဝင်ရောက်လည်ပတ်နိုင်ပြီဖြစ်သည်။

**တည်းခိုနားနေရန်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှ နှုတ်ခွန်းဆက်သပါသည်ဟု ရေးထိုးထားသည့်မုခ်ဦးဝမှဝင်လိုက်သည်နှင့် ဟိုတယ်ကြီးများ၊ တည်းခိုခန်းများ၊ ဈေးဆိုင်များကို မြင်တွေ့ရမည်ဖြစ်သည်။ အခန်းငှားခမှာ အနည်းဆုံး ယွမ်၂၀ မှအများဆုံး ယွမ်၁၀၀ ကျော်ထိသာရှိသည်။ တရုတ်ငွေ ယွမ်ဖြင့်သာ အရောင်းအဝယ်ပြုကြရသည့် ပန်ဝါမြို့လေးမှာ တရုတ်ဖုန်းလိုင်းဖြင့်သာ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ကြရသည်။

ဒေသထွက် အစားအစာများထဲမှ ပြောင်းဖူးခြောက်ကို မီးအပူနှင့်လှော်ပြီး ပြုတ်ထားသည့် အရည်ချိုမြမြမှာ ငရုတ်သီးမှုန့် အနည်းငယ်ထည့်စားလိုက်သည့် အရသာသည် အေးမြသည့် ရာသီဥတုနှင့်လိုက်ဖက်လွန်းသည်မို့ ရောက်ပါက စားကြည့်စေချင်သည်။

**ပန်ဝါမြို့မှ ချီဖွေမြို့သို့**

ခရီးသွားများအနေဖြင့် အချိန်ရလျှင် ပန်ဝါမြို့လေးမှ ချီဖွေမြို့ကို ဆက်သွားစေချင်သည်။ သွားမည်ဆိုပါက အိပ်ရာလိပ်နှင့် ခရီးဆောင်တဲ၊ သောက်ရေနှင့်ရိက္ခာအနည်းငယ် အဓိကလိုအပ်မည်ဖြစ်၍ ပြင်ဆင်သွားစေချင်သည်။ မိုင် ၃၀ ခရီးလမ်းကွာဝေးသည့် အနိမ့်အမြင့်မညီသော ကျောက်သားလမ်းထက်မှာ အေးမြသည့်လေနုအေးနှင့် လှပသည့်ပတ်ဝန်းကျင် တောင်တန်းများက အမောပြေစေနိုင်မှာဖြစ်ပြီး ဒေသန္တရဗဟုသုတနှင့် တိုင်းရင်းသားလူမျိုးများ၏ ချစ်ခင်ရင်းနှီးဖော်ရွေပျူငှာမှုများကိုလည်း တွေ့မြင်ခံစားရမည်ဖြစ်သည်။

ထို့ကြောင့် အိမ်အပြန်ခရီးလမ်းမှာ ပန်ဝါမြို့ရဲ့ ရေခဲဖုံးနေသော သဘာဝအလှတရား၊ ပန်ဝါ ချီဖွေမြို့တောလမ်းတစ်လျှောက် ပတ်ဝန်းကျင်ရှုခင်းများ၊ ဒေသန္တရဗဟုသုတများ၊ ချီဖွေမြို့၏ မေခမြစ်ကမ်းဘေး ကျေးလက်ဒေသအငွေ့အသက်လေးများနှင့် ခင်မင်ရင်းနှီးခွင့်ရခဲ့သည့် တိုင်းရင်းသားမိတ်ဆွေများအားလုံးကို နှုတ်ဆက်ခဲ့ခွာ၍ မမေ့နိုင်သည့် ခရီးလေးအဖြစ် ရင်ထဲအမြဲအမှတ်ရရှိစေမှာ ဖြစ်ပါသည်။

ထို့ကြောင့် တောင်တန်းများအလယ်မှ နှင်းဝေနေသည့် ပန်ဝါမြို့လေးဆီသို့ အလည်အပတ်သွားကြမည်ဆိုလျှင် နှင်းကျလေ့ရှိသည့် ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအတွင်း သွားရောက်ပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

**ပဲခူး ဒီဇင်ဘာ ၂၂**

ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်း၌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၅ နာရီခွဲက ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ် ဦးညဏ်ဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ ပြိုင်ပွဲအား ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးခဲ့သည်။

ယင်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်လေးခရိုင်မှ ပြိုင်ပွဲဝင်အသင်း ၂၈ သင်း၊ အားကစားသမား ၁၆၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**(၅၈၇)**

## ယာဉ်လိုင်စင်နှင့် ယဉ်မောင်းလိုင်စင်သက်တမ်းတိုးရန် နယ်လှည့်ဆောင်ရွက်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၆ခုနှစ် ဇန်နဝါရီလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | လယ်ဝေး |
| ၂။ | ကချင်ပြည်နယ် | မိုးကောင်း |
| ၃။ | ကရင်ပြည်နယ် | ဖာပွန်၊ ကမမောင်းမြို့နယ်ခွဲ |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ချောင်းဦး၊ မြောင်၊ ခင်ဦး၊ မြို့သစ် |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | တနင်္သာရီ |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ပေါင်းတည်၊ မိုးညို |
| ၇။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း၊ ရေစကြို၊ ပွင့်ဖြူ၊ အောင်လံ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | မိုးကုတ် |
| ၉။ | မွန်ပြည်နယ် | မုဒုံ |
| ၁၀။ | ရခိုင်ပြည်နယ် | ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ အမ်း |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး၊ ဒလ |
| ၁၂။ | ရှမ်းပြည်နယ် | ညောင်ရွှေ၊ မိုင်းပျင်း၊ နမ့်စန် |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | လပွတ္တာ၊ ဓနုဖြူ၊ ကျိုက်လတ်၊ အမာမြို့နယ်ခွဲ၊ အင်္ဂပူ |

**(ကုန်လမ်းပို့ဆောင်ရေး)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၃ - ၁၂ - ၂၀၁၅ (ဗုဒ္ဓဟူးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-နှောင်းခေတ်တေးပဒေသာ
၆း၂၅ ပြည်သူ့နီတိ "မိမိနေအိမ်ကို တည်ဆောက်ကြသူများ" (ပထမပိုင်း)
၆း၄၀ ဝတ်စားဆင်ယင်မှုပြပွဲအက
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၂၄)
၈း၃၅ တေးဂီတအစီအစဉ်
၈း၄၅ Catch Asia News (Part-22)
၈း၅၅ ပြည်သူ့နီတိ "လိပ်ပြာခွဲတဲ့ည"
၉း၁၅ Orchestra Concert Myanmar
၉း၄၅ မြန်မာရုပ်ရှင်(ဖြူ/မည်း) "နှစ်မွှာအသည်း"

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း (ရန်ကုန်စတော့အိတ်ချိန်း အကြောင်းသိကောင်းစရာ) (အပိုင်း-၄)
၈း၃၅ ပြည်သူတို့ရဲ့ စကားသံများ
၁၀း၃၅ အောင်မြင်သူနှင့်အတူ (ဂီတမျှ-ဓိရာမိုရ်)
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၅၂)
၂း၁၀ ဆယ့်နှစ်လရာသီပွဲ့ (နတ်တော်လ)
၂း၃၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ [စောလှကြည်ထူး(မြန်မာ) နှင့်နိုဝီဆိုရပ်(ထိုင်း)]
၆း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ(မိန်းမပီပီ)
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၃၃)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ မုံရွာမြို့တန်ဖိုးမျှတအိမ်ရာစီမံကိန်း
-နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၅၃)
-သုခုမရင်ခွင်အငြိမ့်သဘင် "စူပါဘဲတော် (မန္တလေး)အငြိမ့်"

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့် ပေးပါသည်။**

### မြဝတီ

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၀ မျိုးချစ်တပ်မတော်
၆း၃၅ မှတ်တမ်း
၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၃၀ DVD Hits
၈း၃၅ ဇာတ်လမ်းတို
၈း၄၅ မြဝတီနေ့စဉ်သတင်း
၈း၅၀ သူနှင့်သူ၏သီချင်းများ
၉း၀၀ စာပေအလင်းစာပေသတင်း
၄း၁၅ လျှပ်တစ်ပြက်
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅ ရှေးဟောင်းသုတ
၅း၁၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၅ ပန်းကလေးများပွင့်တော့မည်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၁၀၁)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၆ Amazing Cities
၆း၁၅ Meet Whith The Celebrities
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အရာရာထက်မင်းအပိုင်း(၄၇)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း ရယ်စရာပျော်စရာဟာသကမ္ဘာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၄၀ "နေတတ်ပါစေ" တရားတော် [ဆရာတော်ဘဒ္ဒန္တ ဝေပုလ္လဇောတိ (ခိုနားရာဆရာတော်)]
၈း၀၀ Cartoon Series (English Play ground)
၈း၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၄၀ အနုပညာမိုးကောင်းကင်
၁၀း၄၅ ရန်ကုန်မြင်ကွင်းကျယ်
၁၁း၀၀ ဟင်းချက်ရအောင်
၁၁း၂၅ MRTV-4 Stage
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၂၀)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစ်အိမ်" (အပိုင်း-၂၂)
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၄၉)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၅၀)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစ်အိမ်"(အပိုင်း-၂၃)
၈း၂၀ ရသစုံညွှန်းတမ်းများ
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျှဉ်းပြိုင်ကြားက မေတ္တာများ"(အပိုင်း-၇၄)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၂၂)
၁၁း၂၅ World of Knowledge (Naked Science : Earth Evil Twin)

# ပြိုင်ပွဲအပြီးမှာ ကိုလံဘီယာအလှမယ်ကို စကားပြောနိုင်စွမ်းမရှိတော့ကြောင်း Miss Universe 2015 ဆုရှင် ပီယာအလိုဂျိုဝက်ဇ်ဘာ့ချ်ဝန်ခံ

ပြီးခဲ့တဲ့တနင်္ဂနွေနေ့က ကျင်းပခဲ့တဲ့ ၂၀၁၅ ခုနှစ် မယ်စကြဝဠာပြိုင်ပွဲကြီးရဲ့ နောက်ဆုံးအဆင့်ပြိုင်ပွဲမှာ ဆုကြေညာပေးသူ စတိဗ်ဟာဗေးက မယ်စကြဝဠာဆုရှင်ကို မှားယွင်းကြေညာပေးခဲ့မိပါတယ်။ ကိုလံဘီယာအလှမယ်ကို မယ်စကြဝဠာအဖြစ်ကြေညာပေးခဲ့ပြီးနောက် ယမန်နှစ်မယ်စကြဝဠာဟောင်းက သူ့အား သရဖူနှင့် မယ်စကြဝဠာစလွယ်ကို ချီးမြှင့်ဂုဏ်ပြုပေးအပြီးမှာ စတိဗ်ဟာဗေးက မယ်စကြဝဠာအဖြစ် အမှန်တကယ် အရွေးချယ်ခံရသူမှာ ဖိလစ်ပိုင်အလှမယ် ပီယာအလိုဂျိုဝက်ဇ်ဘာ့ချ်သာ ဖြစ်ကြောင်း ပြန်ပြောင်းကြေညာပေးခဲ့ပါတယ်။

ကိုလံဘီယာအလှမယ်ထံမှ ဂုဏ်ပြုစလွယ်နှင့် မယ်စကြဝဠာသရဖူတို့ကို ဖိလစ်ပိုင်အလှမယ်ထံ လွှဲပြောင်းပေးအပ်ဂုဏ်ပြုပေးချိန်အထိ အလှမယ်နှစ်ဦးစလုံးဟာ အပြုံးကိုယ်စီ ဆင်မြန်းထားခဲ့ကြပါတယ်။ သို့သော် ပြိုင်ပွဲအပြီးမှာတော့ ကိုလံဘီယာအလှမယ်ဟာ မျက်လုံးအိမ်အပြည့်မျက်ရည်တွေဝိုင်းကာ ခံစားနေခဲ့ရပြီး အချိန်အတော်ကြာသည်အထိ ငိုတာမရပ်တော့တာကြောင့် ဖိလစ်ပိုင်အလှမယ်အနေနဲ့ သူ့ကို ဘယ်လိုစကားမျိုးပြောဆိုနှစ်သိမ့်ရမယ်မှန်း တွေးမရသည့်အတွက် တစ်ခွန်းတစ်ပါဒမျှ နှုတ်ခွန်း မဆိုနိုင်ခဲ့ကြောင်း မယ်စကြဝဠာဆုရှင် ဖိလစ်ပိုင်အလှမယ်က ဖွင့်ဟခဲ့ပါတယ်။



မယ်စကြဝဠာဆုရှင် ဖိလစ်ပိုင်အလှမယ် (ဝဲ)နှင့် ကိုလံဘီယာအလှမယ် (ယာ)။

မယ်စကြဝဠာဆုရှင် အသက် (၂၆)နှစ်အရွယ် ပီယာက "ကျွန်မကို သရဖူပြောင်းလဲဆောင်းပေးပြီးချိန်မှာ ကိုလံဘီယာအလှမယ်ရဲ့ဘေးမှာ အခြားသော အလှမယ်တွေဝိုင်းနေပါတယ်။ သူ့ကို ဝိုင်းနှစ်သိမ့်နေကြတာပါ။ ပြိုင်ပွဲတစ်လျှောက်မှာ ကျွန်မနဲ့သူဟာ တော်တော်လေး ရင်းနှီးခဲ့ကြတဲ့ မိတ်ဆွေတွေပါ။ ကျွန်မလည်း သူ့ကို နှစ်သိမ့်ဖို့ အနားသွားတဲ့အချိန်မှာ သူငိုနေတာတွေ့တော့ ဘယ်လိုစကားမျိုးပြောရမလဲဆိုတာ စဉ်းစားမရတော့ဘူး။ ဒီအချိန်မှာ ကျွန်မသူ့ကိုစကားဆိုရမယ့် အချိန်ကောင်းမဟုတ်ဘူးလို့လည်း ထင်တယ်။ အဲဒါကြောင့် တစ်ခွန်းမှ မပြောဖြစ်ခဲ့ဘူး" လို့ သည်အန်တာတိန်းမန့် ဝိခ်ကလီးနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။

ဆက်လက်ပြီး ပီယာက "ကျွန်မကို မယ်စကြဝဠာအဖြစ် ပြောင်းလဲကြေညာလိုက်တဲ့အချိန်မှာ ကျွန်မ အလွန်အံ့ဩသွားမိတယ်။ ယုံလည်း မယုံနိုင်ဖြစ်ရတယ်။ ဒီလိုပြောင်းလဲသွားလိမ့်မယ်လို့လည်း လုံးဝထင်မထားခဲ့ဘူး။ အဲဒါကြောင့် ကျွန်မရဲ့မန်နေဂျာကို ထပ်ခါထပ်ခါ မေးရတယ်။ ကျွန်မတကယ်ပဲ မယ်စကြဝဠာအဖြစ်အရွေးချယ်ခံလိုက်ရတာလား။ နောက်ပြီး ကျွန်မဆီကရော အခြားသူတစ်ဦးဆီ ထပ်လွှဲပေးရတာမျိုးဖြစ်ဦးမလားလို့ မယုံရဲယုံရဲ ဖြစ်ခဲ့ရတယ်"လို့ ယင်းလွှဲချော်မှုနှင့်ပတ်သက်ပြီးသူ၏ခံစားချက်ကို ဖွင့်ဟခဲ့ပါတယ်။ ထို့ပြင်သူက မယ်စကြဝဠာအဖြစ် အရွေးချယ်ခံခဲ့ရလို့ ဝမ်းမြောက်ခဲ့ရသလို ကိုလံဘီယာ အလှမယ်ဆီက သရဖူကို လွှဲပြောင်းရယူခဲ့ချိန်မှာတော့ ကိုလံဘီယာအလှမယ်အပေါ် အားနာမိကာ ဝမ်းနည်းမှုပါ တစ်ပြိုင်တည်း ခံစားခဲ့ရကြောင်း ဆိုခဲ့ပါတယ်။

ပြိုင်ပွဲအပြီးမှာ မယ်စကြဝဠာအဖြစ် မှားယွင်း ကြေညာခြင်းခံခဲ့ရတဲ့ အသက် (၂၁) နှစ်အရွယ် ကိုလံဘီယာအလှမယ်ကတော့ အရာရာဟာ သူ့အကြောင်းပြချက်နဲ့သူ ဖြစ်လာတာမို့ သူ့အနေနဲ့ ပျော်ပါတယ်လို့ မျက်ရည်တွေကိုသုတ်ရင်းက ဖြေကြားခဲ့ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ဝဝဝ

# လူစွမ်းကောင်းတွေကို နှစ်ခြမ်းကွဲသွားစေတဲ့ "Captain America: Civil War"

မာဗယ်လ်ရုပ်ရှင်ထုတ်လုပ်ရေးနဲ့ ဒစ်စ်နေရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းထုတ်လုပ်တဲ့ စွန့်စားခန်းရုပ်ရှင်များဖြစ်ကြတဲ့ "Captain America"ရုပ်ရှင်တွေမှာ အဓိကဇာတ်ဆောင်တွေအဖြစ် လူစွမ်းကောင်းများစွာကို ထည့်သွင်းရိုက်ကူးခဲ့ပါတယ်။ ယင်းရုပ်ရှင်တွေရဲ့ တတိယမြောက် ရုပ်ရှင်သစ် "Captain America: Civil War" မှာတော့ ကမ္ဘာကြီးအတွက် အတူတိုက်ပွဲဝင်ကြတဲ့ လူစွမ်းကောင်းတွေဟာ မတူညီတဲ့ အယူအဆတွေရှိကြတဲ့ ခေါင်းဆောင်နှစ်ဦးရဲ့ ဦးဆောင်မှုနောက်လိုက်ကြရင်း အုပ်စုနှစ်စုကွဲသွားကြပါတယ်။



မာဗယ်လ်ရုပ်ရှင် ထုတ်လုပ်ရေးက ထုတ်ဖော်ပြောကြားခဲ့တဲ့ အဆိုပါရုပ်ရှင်သစ်ရဲ့ ဇာတ်လမ်းအကျဉ်းအရ ယင်းရုပ်ရှင်သစ်မှာ လူစွမ်းကောင်းတွေဟာ ကမ္ဘာကြီးကို အဖျက်သမားတွေ လက်ကနေ ကယ်တင်ရန်ကြိုးပမ်းကြရာမှာ အစိုးရ၏ အကူအညီကိုရယူကာ အစိုးရရဲ့ ထိန်းချုပ်ဦးဆောင်မှုအောက်ကနေ လှုပ်ရှားဆောင်ရွက်သွားလိုတဲ့ တိုနီစတာ့ခ်ရဲ့ ဦးဆောင်မှုနောက် လိုက်ပါကြတဲ့ လူစွမ်းကောင်းတွေနဲ့ အစိုးရရဲ့ အကူအညီမယူဘဲ လွတ်လွတ်လပ်လပ် လှုပ်ရှားလိုတဲ့ စတိဗ်ရော်ဂျာရဲ့နောက်ကို လိုက်ပါလိုကြတဲ့ အုပ်စုရယ်လို့ နှစ်ခြမ်းကွဲသွားကြတာဖြစ်ကြောင်း အော့စ်ရှိုးဘော့စ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ရုပ်ရှင်ရဲ့ ဇာတ်လမ်းအကျဉ်းကို ထုတ်ဖော်ပြောကြားခဲ့ရာမှာ ယင်းရုပ်ရှင်မှာပါဝင်မယ့် အဖျက်သမားတွေဖြစ်ကြတဲ့ ဗီလိန်ဇာတ်ကောင်တွေရဲ့အကြောင်းကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပါဘူး။

ဒါပေမယ့် ဒီဇင်ဘာ ၁၉ ရက်က အဆိုပါရုပ်ရှင်ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ထုတ်ဖော်ပြသခဲ့တဲ့ ပုံမှာတော့ လူစွမ်းကောင်းတွေဟာ တစ်ဦးနဲ့တစ်ဦး တိုက်ခိုက်နေကြတာကို တွေ့ရပါတယ်။ ဒါကြောင့် ယခုရုပ်ရှင်ဟာ ယခင်ရုပ်ရှင်တွေနဲ့မတူဘဲ ထူးခြားနိုင်ပါတယ်။

လူစွမ်းကောင်းများစွာ အားပြိုင်သရုပ်ဆောင်ထားတဲ့ ယင်း 3D ရုပ်ရှင်သစ်ကို အမေရိကန်၌ ၂၀၁၆ ခုနှစ် မေ ၆ ရက်မှာ စတင်ရုံတင်ပြသသွားမှာဖြစ်ကြောင်း သိရပါတယ်။

**အေးပြည့်**
**စုစည်းသည်**

# ယူရို ၂၀၁၆ အုပ်စုများမိတ်ဆက်

**ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမယ့် ယူရို ၂၀၁၆ ပြိုင်ပွဲရဲ့ အုပ်စုများကို မိတ်ဆက်ခဲ့ရာမှာ အုပ်စုငါးအုပ်စုမှ အသင်းတစ်သင်းစီကို မိတ်ဆက်ခဲ့ပြီးနောက် ယခုနောက်ဆုံးအုပ်စုကို ရောက်ရှိလို့လာခဲ့ပါပြီ။ ဒီအုပ်စုမှာတော့ ပေါ်တူဂီ၊ အိုက်စလန်၊ ဩစတြီးယားနဲ့ ဟန်ဂေရီတို့ တစ်အုပ်စုတည်း ကျရောက်နေခဲ့တာပါ။**

**အုပ်စု(F)**

**ပေါ်တူဂီ။** ။အင်အားတောင့်တင်းမှုအားမကောင်းပေမယ့် အုပ်စုတွင်းပြိုင်ဘက်တွေရဲ့ ခြေစွမ်းပိုင်းကြောင့် နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်လို့ရတဲ့ အနေအထားမှာရှိတဲ့အသင်းပါ။ ၂၀၁၄ ကမ္ဘာ့ဖလားတုန်းက မျက်နှာပန်းမလှခဲ့ဘူး။ ယူရိုပြိုင်ပွဲမှာတော့ နောက်ဆုံးယှဉ်ပြိုင်ခဲ့တဲ့ငါးကြိမ်မှာ ငါးကြိမ်စလုံး ကွာတားဖိုင်နယ်အဆင့်ထိ တက်နိုင်ခဲ့တဲ့ခြေစွမ်းမျိုးတော့ ရှိခဲ့တယ်။ ၂၀၀၄ ခုနှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ဗိုလ်လုပွဲအထိ တက်နိုင်ခဲ့တယ်။ ၂၀၀၀ နဲ့ ၂၀၁၂ မှာလည်း ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်တဲ့အထိ စွမ်းဆောင်ရည်ကောင်းတွေ ပြသနိုင်ခဲ့တယ်။

ပေါ်တူဂီအတွက် အဓိကအားထားရတဲ့ ကစားသမားကတော့ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို သုံးကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့တဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုပါ။ ခြေစစ်ပွဲစဉ်တွေ ငါးဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့တဲ့ ကစားသမားလည်းဖြစ်တယ်။ စီရိုနယ်လ်ဒိုအပြင် အက်ဒါ၊ ဖွန်တီနဲ့ ဆိုးရက်စ်တို့ကလည်း ပေါ်တူဂီအသင်းအတွက် အားထားရတဲ့ ကစားသမားတွေဖြစ်တယ်။ နည်းပြပိုင်းကတော့ ဖာနန်ဒိုဆန်းတို့စ်ဟာ ပေါ်တူဂီအသင်းအတွက် အားကိုးရတဲ့ နည်းပြလို့ဆိုရမှာပါ။ ဒါပေမယ့် ယူရို ၂၀၁၂ နဲ့ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ အုပ်စုအဆင့်နဲ့တင် ထွက်ခဲ့ရတယ်။ အခုပြိုင်ပွဲမှာ ဖာနန်ဒိုဆန်းတို့စ် ပေါ်တူဂီအတွက် ဘယ်လောက်ပေးစွမ်းမလဲဆိုတာကိုတော့ စောင့်ကြည့်ရမယ်။

**အိုက်စလန်။** ။နိုင်ငံရဲ့ လူဦးရေဟာ အကြမ်းဖျင်းအားဖြင့် ၃၃၀၀၀၀ ဝန်းကျင်သာရှိတယ်ဆိုပေမယ့် မျိုးဆက်သစ်အားကစားသမားတွေကိုတော့ မွေးထုတ်ပေးနိုင်ခဲ့တယ်။ ၂၀၁၁ တုန်းက ဥရောပ ယူ ၂၁ ချန်ပီယံရှစ် ပြိုင်ပွဲဝင်ခွင့်ရခဲ့တယ်။ အဲဒီကစားသမားတွေအတော်များများဟာ အခု အိုက်စလန်လက်ရွေးစင်အသင်းကြီးမှာ ပါဝင်ကစားနေတဲ့ ကစားသမားတွေဖြစ်ပြီး အဲဒီ ဥရောပ ယူ ၂၁ ချန်ပီယံရှစ်ပြိုင်ပွဲဝင်ခွင့်ဟာ အိုက်စလန်အတွက် ပထမဆုံးဝင်ခွင့်ရတဲ့ ပြိုင်ပွဲလည်းဖြစ်တယ်။ ယူရိုခြေစစ်ပွဲမှာ ချက်၊ တူရကီတို့လို အသင်းတွေကိုတောင် အနိုင်ကစားနိုင်ခဲ့တယ်။

ယူရိုပြိုင်ပွဲအတွေ့အကြုံလုံးဝမရှိသေးတဲ့ အိုက်စလန်အတွက် နောက်တစ်ဆင့်ဆိုတာ ခန့်မှန်းဖို့တော့ ခက်ပါလိမ့်မယ်။ အခုပြိုင်ပွဲမှ ယူရိုပြိုင်ပွဲကို စတင်ဝင်ခွင့်ရတာဆိုတော့ ခြေစွမ်းပိုင်းဘယ်လောက်ထိကောင်းမလဲဆိုတာ စောင့်ကြည့်အဆင့်မှာပဲ ရှိပါသေးတယ်။ အိုက်စလန်အတွက် အဓိကအားထားရတဲ့ ကစားသမားကတော့ အခုဆွမ်ဆီးမှာ ကစားနေတဲ့ ဆင်းဂတ်ဆန်ပါ။ ခြေစစ်ပွဲအဆင့်မှာ ခြောက်ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တယ်။ နည်းပြ လာဂျာဘက်ကတော့ အသက်အရွယ်အားဖြင့် (၆၇)နှစ်ရှိနေပြီဖြစ်တာကြောင့် အခုပြိုင်ပွဲပြီးရင် အနားယူမှာဖြစ်ပြီး အနားမယူခင် နောက်ဆုံးပြိုင်ပွဲမှာ အသင်းအတွက် ဘယ်လိုစွမ်းဆောင်ပေးသွားမလဲဆိုတာလဲ စိတ်ဝင်စားဖွယ်ကောင်းနေပါတယ်။

**ဩစတြီးယား။** ။ဩစတြီးယားရဲ့ ခြေစွမ်းကတော့ ဒီအုပ်စုမှာ အကောင်းဆုံးလို့ဆိုချင်ပါတယ်။ ဖီဖာရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာတောင် အဆင့်(၁၀)မှာ ရပ်တည်နေတဲ့အသင်းလည်း ဖြစ်တယ်။ ခြေစစ်ပွဲစဉ်တွေ ကစားတုန်းကလည်း ၁၀ ပွဲမှာ ကိုးပွဲအနိုင်နဲ့ ရှုံးပွဲမရှိစံချိန်တင်ပြီး အုပ်စုဒုတိယနေရာက ရုရှားကို ရှစ်မှတ်ဖြတ်ကာ အုပ်စုပထမနေရာနဲ့ ခြေစစ်ပွဲအောင်ခဲ့တဲ့အသင်းလည်းဖြစ်တယ်။ ဩစတြီးယားအတွက် ဒီပြိုင်ပွဲဟာ ဒုတိယမြောက် ဝင်ခွင့်ရတဲ့ပြိုင်ပွဲပါ။ ယူရို ၂၀၀၈ တုန်းက ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့စဉ်က နိုင်ပွဲတစ်ပွဲမျှ မရရှိခဲ့ဘူး။ ဩစတြီးယားအတွက် အဓိကအားထားရတဲ့ ကစားသမားကတော့ ဒေးဗစ်အယ်လ်လာဘာဖြစ်ပြီး ဩစတြီးယားအတွက် ခြေစစ်ပွဲစဉ် ၁၀ ပွဲစလုံး ပါဝင်ကစားပေးနိုင်ခဲ့တယ်။ ယူရိုပြိုင်ပွဲအတွေ့အကြုံမရှိသေးတဲ့ ဩစတြီးယားလို အသင်းမျိုးကို နည်းပြ မာဆယ်ကိုလ်လာအနေနဲ့ ဘယ်လိုမျိုးနည်းဗျူဟာတွေအသုံးပြုပြီး ယူရိုခရီးကို ဖြတ်သန်းမလဲဆိုတာကတော့ စောင့်ကြည့်ရဦးမှာပါ။

**ဟန်ဂေရီ။** ။ဟန်ဂေရီဟာ ယူရို ၂၀၁၆ ဝင်ခွင့်ရအောင် စွမ်းဆောင်လိုက်ခြင်းအားဖြင့် သူတို့ရဲ့ နှစ် ၃၀ ကြာ ချန်ပီယံရှစ်ပြိုင်ပွဲတွေနဲ့ ဝေးကွာနေမှုကို အဆုံးသတ်ပြနိုင်ခဲ့တယ်။ ယူရို ၂၀၁၆ ခြေစစ်ပွဲမှာတော့ အုပ်စုအဆင့်ပွဲစဉ် ၁၀ ပွဲမှာ လေးပွဲသာ အနိုင်ကစားနိုင်ခဲ့တယ်။ ဟန်ဂေရီအတွက် အဓိကကစားသမားကတော့ ဒက်ဇူဆက်ဖြစ်တယ်။ အသက်(၂၈)နှစ်အရွယ်ရှိ ဘယ်တောင်ပံကစား ဒက်ဇူဆက်ဟာ ဟန်ဂေရီအသင်း ယူရိုခြေစစ်ပွဲအောင်တဲ့အထိ အထောက်အပံ့ပေးနိုင်ခဲ့တယ်။ နည်းပြ စတော့ခ်ကတော့ ဇူလိုင်လတုန်းကမှ နည်းပြပယ်ဒါဒိုင်းအစား ယာယီခန့်အပ်ခြင်းခံခဲ့ရတဲ့ နည်းပြလည်းဖြစ်တယ်။ သူ့ရဲ့နည်းပြဘဝဟာလည်း ကာဇက်စတန်မှာပဲ ကုန်ဆုံးစေခဲ့တာပါ။ ကစားသမားဘဝအနေနဲ့ကတော့ ၁၉၈၀ ပြည့်နှစ်များမှာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းမှာ ကစားခဲ့ပါသေးတယ်။ ဟန်ဂေရီအတွက် ယူရို ၂၀၁၆ ဘယ်လိုမျက်နှာပန်းလှအောင် ဆွဲခေါ်သွားနိုင်မလဲဆိုတာကတော့ ဆုံးဖြတ်ဖို့ ခက်ခဲတဲ့အနေအထားတစ်ရပ်ပါ။

**(နိုင်လင်းကြည်)**

# (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**တပ်ကုန်း ဒီဇင်ဘာ ၂၂**

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အားကစားဆပ်ကော်မတီအဖွဲ့တို့မှ ပူးပေါင်းကျင်းပသော (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသားအလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက တပ်ကုန်းမြို့နယ် အားကစားကွင်းတွင်ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရည်မွန်က အဖွင့်အမှာစကား ပြောကြားပြီး ဖွင့်ပွဲပထမပွဲစဉ်အဖြစ် Shwe FC ဘောလုံးအသင်းနှင့် Top One FC ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Top One FCဘောလုံးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အုပ်စုလေးအုပ်စုခွဲကာ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဇင်ဘို)**

# ဘောလုံးလောက သတင်းတိုများ

**ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ဘိုင်ယန်မြူးနစ်နှင့် ပိုလန်တိုက်စစ်မှူး ရောဘတ်လီဝန်ဒိုစကီးအား ပြောင်းရွှေ့ကြေးပေါင် ၅၁ သန်းဖြင့် ခေါ်ယူရန် အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်။**

လီဗာပူးအသင်းနှင့် အဲဗာတန်အသင်းတို့သည် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသည့် မာဆေးလ်အသင်းခေါင်းဆောင် စတိဗ်မန်ဒန်ဒါအား ခေါ်ယူရန် အပြိုင်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**အခြားကလပ်အသင်းများက စိတ်ဝင်စားနေသော်လည်း ဇန်နဝါရီအပြောင်းအရွှေ့တွင် လက်စတာ၌ ဆက်နေမည်ဟု မာရက်ဇ်က ပြောကြားခဲ့သည်။**

# အသက် ၁၄ နှစ်နှင့်အောက် လူငယ်တင်းနစ်ပြိုင်ပွဲ လူရွေးပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

International Tennis Federation ကကြီးမှူးကျင်းပမည့် ITF 14& Under Development Championships 2016-Division-2 တင်းနစ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် အသက်(၁၄)နှစ်နှင့်အောက် လူငယ်တင်းနစ်အားကစားသမားများအား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က စေလွှတ်ယှဉ်ပြိုင်မည် ဖြစ်သည်။ ယင်းပြိုင်ပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၇ ရက်မှ ၃၀ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည်ဖြစ်ပြီး အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာလူငယ်တင်းနစ်သမားများရွေးချယ်ရန် လူရွေးပွဲကို ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၆ ရက် နောက်ဆုံးထားကာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သို့ မှတ်ပုံတင်(သို့) မွေးစာရင်း မိတ္တူနှင့်အတူ လာရောက်စာရင်းပေးသွင်းနိုင်သည်။ လူရွေးပွဲယှဉ်ပြိုင်မည့် တင်းနစ်အားကစားသမားများမှာ ၂၀၀၂ခုနှစ် ဇန်နဝါရီလနောက်ပိုင်း မွေးဖွားသူများ ဖြစ်ရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၇၂၃၆၀နှင့် ၀၉-၂၅၀၁၈၇၀၄၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(ဖိုးသော်ဇင်)**

# ဝဲလ်ကော့နှင့် ဂီရော့ဒ်တို့၏ သွင်းဂိုးဖြင့် အာဆင်နယ်က မန်စီးတီးကို အနိုင်ရရှိ ဇယားထိပ်က လက်စတာနှင့် နှစ်မှတ်အကွာ အဆင့်(၂)၌ ဆက်လက်ရပ်တည်နိုင်ခဲ့




ပရီမီယာလိဂ်ပွဲစဉ်(၁၇)၏ နောက်ဆုံးပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့ အာဆင်နယ်အသင်း၏ အိမ်ကွင်း အမ်းမရိတ်၌ ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်းက မန်စီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ဂီရော့ဒ်၊ ဝဲလ်ကော့၊ အိုဇေးလ်၊ ကမ်းဘဲလ်၊ ရမ်ဆေး၊ ဖလာမီနီ၊ မွန်ရီယဲလ်၊ ကိုစီယယ်နီ၊ မာတီဆက်ကာ၊ ဘယ်လာရင် စသည့် ကစားသမားများကို ပွဲထွက်ကစားစေခဲ့ပြီး မန်စီးတီးအသင်းသည်လည်း အဂူရို၊ ဆေးလ်ဗား၊ ဒဲလ်ဖ်၊ ဖာနန်ဒင်ဟို၊ ယာယာတိုရေး၊ ဒီဘရူနီ၊ ကိုလာရော့၊ မန်ဂါလာ၊ အော့တမန်ဒီ၊ ဆက်ဂ်နာတို့ကို ပွဲထွက်လူစာရင်းတွင် ထည့်သွင်းလာခဲ့သည်။

အဆိုပါပွဲစဉ်တွင် အကြိတ်အနယ်ရှိခဲ့သော်လည်း ပထမပိုင်းပွဲကစားချိန် ၃၃ မိနစ်တွင် တောင်ပံကစားသမား ဝဲလ်ကော့က အိမ်ရှင်အာဆင်နယ်အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး တိုက်စစ်မှူးဂီရော့ဒ်က ပွဲကစားချိန် ၄၅ မိနစ်တွင် တစ်ဂိုးသွင်းယူပေးခဲ့ရာ အာဆင်နယ်အသင်းသည် ပထမပိုင်းပြီးဆုံးချိန်တွင် နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

ထို့ကြောင့် အာဆင်နယ်အသင်းသည် ချေပဂိုးမပေးရရေး အကောင်းဆုံးတုံ့ပြန်ကစားရန်အတွက် ဒုတိယပိုင်းအစတွင် ပွဲထွက်လူစာရင်းကို အပြောင်းအလဲမလုပ်ခဲ့ဘဲ ပွဲပြီးခါနီးရောက်မှသာ လူစားလဲကစားစေမှုများပြုလုပ်ခဲ့သည်။ မန်စီးတီးအသင်းကမူ တိုက်စစ်ပိုင်းအားမြှင့်သည့်အနေဖြင့် ပထမပိုင်းပြီးခါနီး အချိန်တွင် ဒဲလ်ဖ်နေရာတွင် စတာလင်ကို ထည့်သွင်းခဲ့ပြီး ပွဲကစားချိန် ၆၃ မိနစ်တွင် အဂူရို၏ နေရာတွင် ဘိုနီကို ထည့်သွင်းကစားစေခဲ့သည်။ ထို့ပြင် ဆေးလ်ဗာနေရာတွင် နာဗက်ကို ထည့်သွင်းခဲ့သည်။

ထို့နောက် မန်စီးတီးအသင်း၏ ကစားကွက်သည် ပိုမိုအံဝင်လာခဲ့ပြီး ပွဲကစားချိန် ၈၂ မိနစ်တွင် ကွင်းလယ်ကစားသမား ယာယာတိုရေး၏ သွင်းဂိုးဖြင့် ချေပဂိုးရရှိခဲ့သည်။ သို့ရာတွင် နောက်ထပ်ချေပဂိုး ထပ်မံမသွင်းယူနိုင်ခဲ့ခြင်းကြောင့် သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့ရာ အာဆင်နယ်အသင်းက မန်စီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါ နိုင်ပွဲကြောင့် အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်တွင် ရမှတ် ၃၈ မှတ်ဖြင့် ဦးဆောင်နေသည့် လက်စတာစီးတီးအသင်းနှင့် နှစ်မှတ်အကွာ ရမှတ် ၃၆ မှတ်ဖြင့် အမှတ်ပေးဇယား၏ အဆင့်(၂)နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

ထို့ကြောင့် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ယခုနှစ်ခရစ္စမတ်မတိုင်မီတွင် အဆင့်(၂)နေရာတွင် ရပ်တည်နိုင်ခဲ့ခြင်းကြောင့် ရာသီကုန်တွင် ပရီမီယာလိဂ်ဖလား ရယူဆွတ်ခူးနိုင်မည့် အခွင့်အရေးတစ်ရပ်ကို ရရှိလာခြင်းဟုပင် ဆိုသည်။

ထို့ပြင် ပရီမီယာလိဂ်ဖလားရရှိနိုင်ရန်အတွက် လာမည့်မေလအထိ ယခုရရှိထားသည့် ရလဒ်ကို ဆက်ထိန်းထားနိုင်မည်ဟု ယုံကြည်ထားကြောင်းလည်း နည်းပြအာစင်ဝင်းဂါးက ပြောကြားခဲ့သည်။

မန်စီးတီးအသင်းမှာမူ အာဆင်နယ်အသင်း၏ အိမ်ကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ဇယားထိပ်က လက်စတာစီးတီးအသင်းနှင့် ခြောက်မှတ်ကွာ အဆင့်(၂)နေရာတွင် ရပ်တည်လျက်ရှိသည့် အာဆင်နယ်အသင်းနှင့် လေးမှတ်ကွာ ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့်(၄)နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**(ငွေကြယ်)**

## တံတားဦးမြို့နယ် ရွှေဆည်ဘုန်းကြီးကျောင်းရှိ ကျောက်ဆင်းတုတော်ခိုးယူခံရ

**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ရွှေဆည်ဘုန်းကြီးကျောင်းနေ ကိုရင် ရှင်ပညာသာမိသည် ဒီဇင်ဘာ၂၀ရက် နံနက် ၁၀ နာရီက သိမ်အတွင်း သန့်ရှင်းရေးပြုလုပ်စဉ် ကျောင်းရှိသိမ်တော်အတွင်း ထားရှိသည့် လွန်ခဲ့သောနှစ်ပေါင်း ၅၀ ခန့်က အလှူရှင်တစ်ဦးက လှူဒါန်းထားသော ဉာဏ်တော်၂ ပေ ၁၀ လက်မခန့်ရှိ တင်ပလ္လင်ခွေကျောက်ဆင်းတုတော် တစ်ဆူ ပျောက်ဆုံးနေကြောင်း သိရသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းဆွေလတ်ထံ အသိပေးအကြောင်းကြားခဲ့သည်။

ဦးသိန်းဆွေလတ်က တံတားဦးမြို့မရဲစခန်းသို့ တိုင်ကြားခဲ့ရာ ၎င်းရဲစခန်းက အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

## ဆီတင်တွဲသင်္ဘော်နှင့် စက်လှေတိုက်မိ၍ စက်လှေနစ်မြုပ်

**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျောလေးကျေးရွာအနီး ဧရာဝတီမြစ်ကြောင်းတွင် ဒီဇင်ဘာ ၂၀ရက် ညနေ၄နာရီခွဲခန့်က ရန်ကုန်ဆိပ်ကမ်းမှ ကသာမြို့သို့ ပန်းတောင်းမြို့နယ်နေ ရေယာဉ်မှူး သက်ခိုင်ဝင်း မောင်းနှင်သည့် အလျား ၉၇ပေ၊ အနံ၂၂ ပေ၊ ရေစူး ၅ ပေ ၆ လက်မရှိ အောင်ထက်လင်း(၃) သင်္ဘော်သည် အလျား ၂၁၂ ပေ၊ အနံ ၅၅ ပေ၊ ရေစူး ၄ ပေ ၁၀လက်မရှိပြီး ဒီဇယ်ဆီ ဂါလန်၂၄၀၀၀၀ တင်ဆောင်သော ဆီတွဲအား မောင်းနှင်လာစဉ် သပိတ်ကျင်းဘက်မှ မန္တလေးဘက်သို့ သပိတ်ကျင်းမြို့နယ် ရွှေညောင်ပင်ရွာနေ ကျော်ဝင်း မောင်းနှင်သည့် အလျား ၇၅ပေ၊ အနံ ၁၀ပေ၊ ရေစူး ၄ ပေရှိထင်းများသယ်ဆောင်လာသော မော်တော်က အင်ဂျင်စက်ရပ်ပြီး ရေစီးအတိုင်းမျောကာ ဆီတင်တွဲအား တိုက်မိခဲ့သည်။

ထိုသို့ တိုက်မိမှုကြောင့် စက်လှေမှာ နစ်မြုပ်သွားသဖြင့် ကျပ်သိန်း ၁၀၀ ဖိုးခန့်နှင့် ထင်း ငွေကျပ် ၁၂ သိန်းဖိုးခန့် ဆုံးရှုံးခဲ့သည်။

ဦးကျော်ဝင်းတွင် နဖူးပေါက်ပြဲ၊ ဝဲခြေသလုံး ဖူးရောင်ဒဏ်ရာရရှိသဖြင့် သပိတ်ကျင်းဆေးရုံတွင် ဆေးကုသလျက်ရှိပြီး မြစ်အတွင်း ရေယာဉ်တိုက်မိမှုနှင့် ပတ်သက်၍ ဦးသက်ခိုင်ဝင်းနှင့် ဦးကျော်ဝင်းတို့အား သပိတ်ကျင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

## စားသုံးရန်မသင့်သော အေးခဲကြက်သားများ မီးရှို့ဖျက်ဆီး

**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန၊ ဈေးနှင့် သားသတ်ဌာန၊ စည်ပင်သာယာရဲတပ်ဖွဲ့မှ နယ်လှည့်စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်သဲဦးလှိုင်နှင့် ရဲအုပ်ထွန်းလွင်ဦး၊ ဥပုသ်တော်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်စိုးထိုက်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက် နံနက်၁၀ နာရီ ၄၅ မိနစ်က အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မိဘဈေးအနီးနေသူ သဲမွန်စိုး၏နေအိမ်အား စစ်ဆေးရာ အများပြည်သူစားသုံးရန် မသင့်သော အေးခဲကြက်သား တစ်ပိဿာထုပ် ၁၅၀၊ ကြက်ဖင်ဆီဖူး 1 kg အထုပ်၅၀အား တွေ့ရှိခဲ့သည်။

ယင်းအေးခဲကြက်သားများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ ခွင့်ပြုချက်မရှိဘဲ တစ်ဖက်နိုင်ငံမှ တင်သွင်းရောင်းချကြောင်း သိရသဖြင့် သိမ်းဆည်းပြီး ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသဖြင့် မန္တလေးမြို့တော် စည်ပင်သာယာသန့်ရှင်းရေးဌာနက ဒီဇင်ဘာ၂၀ ရက်တွင် ပုသိမ်ကြီးမြို့နယ် အေးရိပ်ငြိမ်သုသာန်တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**(သီဟကိုကို)**



## ဘိန်းစိမ်းနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၈ ရက်က ဝိုင်းမော်မြို့နယ် ဝိုင်းမော်-ကန်ပိုက်တီးသွားကားလမ်း မေခစက်သုံးဆိုင်ရှေ့ကားလမ်းမပေါ်တွင် ဇော်တောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း အလေးချိန် ၁ ဒသမ ၆၂၅ ကီလို သိမ်းဆည်းရမိသည်။

အလားတူ ဒီဇင်ဘာ ၁၉ ရက်က ကွတ်ခိုင်ဘက်မှ လားရှိုးဘက်သို့ ဇာနည်ထွန်းမောင်းနှင်လာသော ခရီးသည်တင်ယာဉ်ကိုရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မသင်းသင်းအေးထံမှ ဘိန်းဖြူအလေးချိန် သုည ဒသမ ၉၁၂ ကီလိုကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက်က ဆိပ်မူကျေးရွာဘက်မှ နန့်မော်ကျေးရွာဘက်သို့ မုန်ဘန်လမောင်းနှင်ပြီး လအောင် လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူ အလေးချိန် သုည ဒသမ ၄၀၃ ကီလို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ကြေးမုံ)**

## ဆိုင်ကယ်ခိုးမှုဖြင့် ဖမ်းဆီးစစ်ဆေးနေသူနှစ်ဦး အချုပ်ခန်းဖောက်ထွက်ပြေး

**ပဲခူး ဒီဇင်ဘာ ၂၂**

ပဲခူးမြို့ ဘုရားကြီးမြို့နယ်မြေရဲစခန်း၌ ဒီဇင်ဘာ၂၀ရက် ည ၁၁ နာရီခွဲခန့်က တာဝန်မှူး ဒု-ရဲအုပ်လှဘုန်း၊ ကင်းမှူးတပ်ကြပ်ကြီးကိုကိုလေး၊ ဒု-တပ်ကြပ်ရန်လင်းမောင်တို့ တာဝန်ထမ်းဆောင်နေစဉ် ဆိုင်ကယ်ခိုးမှုဖြင့် ဖမ်းဆီးစစ်ဆေးနေသူ နှစ်ဦးဖြစ်သည့် ဘောနတ်ကြီးကျေးရွာ (၃)မိုင်အမြန်လမ်းစခန်းနေ မျိုးမင်းအောင်(၂၂) နှစ်နှင့် ကျောက်တံခါးမြို့ အရှေ့စုကြီးရပ်နေ ဇင်ဘို(ခ)ဂျိုကာ(၁၉)နှစ်တို့မှာ အချုပ်ခန်းသော့ပျက်နေသဖြင့် အချုပ်ခန်းမှထွက်ကာ မျက်နှာကြက် အမိုးသစ်သားချောင်းများအား ချိုးဖဲ့၍ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

ထွက်ပြေးလွတ်မြောက်သွားသူနှစ်ဦးအား အမြန်ဆုံးပြန်လည်ဖမ်းမိနိုင်ရေးအတွက် ပဲခူးမြို့နယ်ရဲမှူးဇော်မင်းနှင့် အဖွဲ့က စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**သီဟရာဇာ(ဘုရားကြီး)**

## ကျွဲခိုးယူသူများအား အမှုဖွင့်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကတ္တီပါရွာသစ်ကျေးရွာနေ ဦးတင်ကြိုင်သည် နေအိမ်၌ရှိနေစဉ် ၎င်း၏ အလုပ်သမားဖြစ်သော ကိုကျော်မင်းဦးနှင့် ကိုကြည်ဝင်းတို့ နှစ်ဦးရောက်ရှိလာပြီး တင်းကုပ်တွင် ချည်ထားသည့် ကျွဲ ၁၂ ကောင်အနက် ကျွဲမနှစ်ကောင်နှင့် ကျွဲထီးတစ်ကောင် ပျောက်ဆုံးနေကြောင်း လာရောက်ပြောသဖြင့် ဦးတင်ကြိုင်နှင့်အဖွဲ့က စုံစမ်းရှာဖွေခဲ့သည်။

ထိုသို့စုံစမ်းရာ မြိုင်ချောင်းကျေးရွာနေ ကိုသိန်းမြင့်ထံသို့ ကတ္တီပါရွာသစ်ကျေးရွာနေ ချစ်အေးနှင့် လိပ်အိုင်ကျေးရွာနေ ဇော်မျိုးချစ်တို့ နှစ်ဦးက ကျွဲသုံးကောင်အား ငွေကျပ်ကိုးသိန်းဖြင့် လာရောက်ရောင်းချကြောင်း၊ ကိုသိန်းမြင့်က မသက်သာ၍ ငွေမချေသေးဘဲ ကြပ်စင်ချောင်းကျေးရွာ ရာအိမ်မှူးထံ အကြောင်းကြားအပ်နှံထားကြောင်း သိရ၍ သွားရောက်ကြည့်ရှုရာ ၎င်းပျောက်ဆုံးသွားသော ကျွဲသုံးကောင်ဖြစ်နေသည်ကို တွေ့ရှိရသဖြင့် အရေးယူပေးရန် တိုင်တန်းရာ ချစ်အေးနှင့် ဇော်မျိုးချစ်တို့နှစ်ဦးအား ကန်ဘက်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**


### အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များတင်ဆောင်လာသည့် M.V MALACCA HIGHWAY V.11 သင်္ဘောသည် ၂၄-၁၂-၂၀၁၅ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှု စစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၃၉၁၊ ၂၃၀၁၃၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



**ပန်းကောရီ** ကျိုက်ထီးရိုး၊ ချောင်းသာ (ဝနေစဉ်) **အဆင့်မြင့်ခရီးသွားလုပ်ငန်း**
တောင်ကြီး (Dec 24, 31 တာချီလိတ်၊မယ်ဆိုင်၊ချင်းမိုင်
ပြင်ဦးလွင် ထွက်ရှိပါမည်။)
ပုဂံ
(ပြည်၊အကောက်တောင်၊သံတောင်၊ဘားအံ၊မော်လမြိုင်) အပတ်စဉ် စနေနေ့
09-36413899,09-254268089,09-262775151
အိမ်တိုင်ရာရောက် လက်မှတ်ဝန်ဆောင်မှုဝန် (Group Package များကို အထူးစီစဉ်ပေးသည်။)



### ဒေါ်နွယ်နီဝင်း[၁၂/ဒဂတ(နိုင်)၀၃၂၇၀]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ ၁၁ရပ်ကွက်၊ အမှတ်-၉၇၉/ ၉၈၂ တွင်ဖွင့်လှစ်ထားသော "သုခရိပ်မြုံ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ"တွင် တာဝန်ထမ်းဆောင်ခဲ့သော ဒေါ်နွယ်နီဝင်းအား ၂၀-၁၂-၂၀၁၅ရက်မှစ၍ အလုပ်တာဝန်မှ ရပ်စဲပြီးဖြစ်ပါသဖြင့် နောက်နောင် သုခရိပ်မြုံနှင့်ပတ်သက်သမျှ အလှူအတန်းကိစ္စ အပါအဝင် မည်သည့်ကိစ္စမဆို ဒေါ်နွယ်နီဝင်းနှင့် လုံးဝပတ်သက် သက်ဆိုင်ခြင်း မရှိတော့ပါသဖြင့် သုခရိပ်မြုံဂေဟာ၏ အောက်ပါဖုန်းနံပါတ်များသို့သာ တိုက်ရိုက်ဆက်သွယ်ကြပါရန် အများသိစေရန်ကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**သုခရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ**
**ဖုန်း-၀၁-၅၈၁၉၅၅၊ ၀၉-၄၅၀၀၄၃၄၀၅၊ ၀၉-၂၅၂၈၇၆၀၈၄**



### ရိက္ခာဆန်ဝယ်ယူရေး "အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

၁။ အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်/စခန်းများရှိ အကျဉ်းသား/လုပ်အားရှင်များအား ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန် လိုအပ်သည့် ရိက္ခာဆန်များအား ဝယ်ယူရမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် | ၂၄-၁၂-၂၀၁၅ရက်၊ ၉း၀၀ နာရီ |
| | တင်ဒါပုံစံအရောင်းပိတ်ရက် | ၈-၁-၂၀၁၆ ရက်၊ ၁၆း၃၀ နာရီ |
| ၃။ | တင်ဒါဖွင့်မည့်နေ့ရက် | ၁၄-၁-၂၀၁၆ရက်၊ ၉း၀၀ နာရီ |
| | | အကျဉ်းဦးစီးဌာန |

၄။ အိတ်ဖွင့်တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ရောင်းချသွားပါမည်။ တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ဖုန်း-၀၇၁-၂၂၉၉၂/၂၃၅၀၈
(ခ) စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန
ဖုန်း-၀၇၁-၂၃၂၀၅/၀၇၁-၂၃၂၀၆

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**



**ရွှေထီးပိတ်တန်း ချောင်းသာ (နေ့စဉ်)**
+ အလောင်းတော်ကဿပ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ
+ ပုဂံ-ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း
+ ကျိုက်ထီးရိုး၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ဝဲ
အပတ်စဉ် သောကြာ
စင်းလုံးငှား စီစဉ်ပေးသည်။
ကျိုက်ထီးရိုး (နေ့စဉ်)
ငွေဆောင် (သောကြာ)
01-701015,01-710436,09-5403844,09-5044830




## ကြော်ငြာ

**မိုးမြင့်ကြယ်**

ကျိုက်ထီးရိုး (နေ့စဉ်/ပြန်) 35000
ချောင်းသာ Hotel(ပြန်) 40000 / 50000
ငွေဆောင် (Hotel+ကား) 50000
New Year အတွက် ချောင်းသာ Hotel, Guest အခန်းစီစဉ်ပေးသည်။
01-549380, 09-5093704, 09-450012971

**အာရှနဂါး**

Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

**GOLDEN STAR** ခရီးသွားလုပ်ငန်း

ဂျပန် နိုင်ငံထုတ် MAN အဆင့်မြင့် ကားများဖြင့် ...
ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

**ရခိုင်ပြည်ဘုရားဖူးခရီး** ကောင်းထက်စံနှင့်အဖွဲ့ 25-12-15 ထွက်

ကျောက်တော်မဟာမြတ်မုနိဘုရား၊ မြောက်ဦးရှိမာန်ငါးပါးနှင့်ဘုရားပုထိုးများ၊ ပုဏ္ဏားကျွန်း၊ စစ်တွေပြိုင်ကမ်းခြေ၊ သံတွဲဘုရားပုထိုးများ၊ ငပလီကမ်းခြေ၊ အဆင့်မြင့်စားတည်း၊ ငြိမ်း၊ ဗီဒီယိုမှတ်တမ်းလက်ဆောင်။ Air-con လေအိတ် ကား၊ ကြားခံမပါပါ။ လူဦးရေ (၄၃)ဦးသာ။ ကြိုတင်လက်မှတ်များရပြီ။ (၅) ညအိပ် (၆) ရက်ခရီး 180000/- Ph: 09 448003431, 0949660481, 09 798860461

**ပြဝတီ - မဲဆောက်**

1.1.2016 မှ 4.1.2016 ထိ
ယဉ်ယဉ်မိသားစု(မွေ့အလင်း) L7-ယုဇနပလာဇာ၊ မြေညီ
PH: 01 200747, Ext (1315), 09 73009841

**ဆုပြည့်** 0931815390, 0931815395, 09792432296

X'Mas & New Year အထူးခရီးစဉ်
ကျိုက်ထီးရိုး / ချောင်းသာ / ငွေဆောင် | 6+1 FREE | Dec 24, 30
Hotel, Guest House (စရိတ်ငြိမ်း)

### Golden Hawks International Limited

**ဝန်ထမ်းအမြန်အလိုရှိသည်**
**(ပြည်တွင်း၌သာခန့်ထားရန်)**

**Day/Night Security (လုံခြုံရေး နေ့/ည) M(2) Posts**

1. လုံခြုံရေးတာဝန် ထမ်းဆောင်ဖူးသည့် လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
2. လုံခြုံရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်သူဖြစ်ရမည်။
3. ရိုးသားကြိုးစား၍ အရက်သေစာအသောက်အစား ကင်းရှင်းသူဖြစ်ရပါမည်။
4. အကျင့်စာရိတ္တအထူး ကောင်းမွန်ရမည်။

**Driver M(5)Posts**

1. ရန်ကုန်မြို့တွင်း/နယ်ဝေး Auto နှင့် Manual ကျွမ်းကျင်စွာမောင်းနှင်နိုင်သူဖြစ်ရမည်။ နေ့၊ ညမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။ စည်းကမ်းလိုက်နာနိုင်ရမည်။
2. အိမ်ကားယာဉ်မောင်းအလိုရှိသည် (တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ မရမ်းကုန်း) နေထိုင်သူဦးစားပေးမည်။ **(လစာကောင်းကောင်းပေးမည်)**
3. ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မောင်းသက်တမ်းအနည်းဆုံး ၃နှစ်ရှိရမည်။
4. ရန်ကုန်မြို့တွင်း/နယ်ခရီး(လိုအပ်ပါက) ကျွမ်းကျင်စွာ မောင်းနိုင်ရမည်။
5. ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်အလုပ်ချိန်အတွင်း ကွမ်း၊ ဆေးလိပ်၊ အရက်မသုံးစွဲသူဖြစ်ရမည်။ ရုံးလုပ်ငန်းဆိုင်ရာများကို လိုအပ်မှုရှိပါက ကူညီပေးနိုင်ရမည်။

အထက်ပါရာထူးများအတွက် လျှောက်ထားလိုသူများသည် [ပညာအရည်အချင်း ထောက်ခံချက်မိတ္တူများ၊ သင်တန်းဆင်းလက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်းစာရင်းမိတ္တူ၊ လေဘာမိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ ပတ်စပို့ဓာတ်ပုံ(၂)ပုံတို့နှင့်အတူ (၁)ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။]

**Human Resource Department**
**No. 15, (88) Road, Mingalartaungnyunt Township.**
**Mobile Number: 0931021230, 09 73057112**
**Website: www.goldenhawks.net.mm**
**Email:sumyat.ghi@gmail.com.,**
**Tel:0973169830, 0973169831**

**SIRI, UBARI, CRO, MSTRD ဝန်ထမ်းဟောင်းများ**
**သက်ကြီးပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ**

ကျင်းပမည့်နေ့ရက် - ၁၀-၁-၂၀၁၆ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက်(၉)နာရီမှ (၁၂)နာရီ
ကျင်းပမည့်နေရာ - မူလသံယုတ်ကျောင်း၊ ရွှေတိဂုံအရှေ့ဘက်မုခ်၊ ဗဟန်းကြားတောရလမ်း၊ ရန်ကုန်မြို့။

မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အသက်(၇၅)နှစ်အထက် ဝန်ထမ်းဟောင်းများနှင့် တက်ရောက်မည့်သူများ၊ အောက်ပါပုဂ္ဂိုလ်များထံ (၃၁-၁၂-၂၀၁၅)နေ့ နောက်ဆုံးထား၍ ဆက်သွယ်အမည်စာရင်း ပေးပို့နိုင်ပါသည်။ တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများလည်း တက်ရောက်နိုင်ပါသည်။

| ဒေါ်မြသန်း | ဒေါ်မြင့်မြင့်ဧး | ဦးညီညီသန်း | ဒေါ်ဝင်းမာ |
|---|---|---|---|
| 09 254010256 | 09 5090889 | 09 5010047 | 09 448534123 |

### တစ်ချက်တည်းကျင်းဝင်

မြန်မာဂေါက်သီးရိုက်အသင်းတွင် ဦးမင်းဇော်ဝင်း (MD, Myanmar Golden Sky Co.,Ltd)သည် ကစားဖော်များဖြစ်ကြသော ဦးခင်မောင်လေး (Doaru)၊ ဦးစိုးငြိမ်းလွင်(ရွှေသမင်ဆေးတိုက်)၊ ဦးသိန်းတိုးအောင် (San Htoo Co.,Ltd)၊ ဦးဇော်မင်းထွဋ်တို့နှင့်အတူ ၂၅-၁၁-၂၀၁၅ရက်တွင် ဂေါက်သီးရိုက်ကစားကြရာ Titleist Pro V1 ဘောလုံးကို Honma Iron 9 တို့ဖြင့် ရိုက်လိုက်ရာ (173)ကိုက် ရှိ ကျင်းအမှတ်(၂)တွင် တစ်ချက်တည်း ကျင်းဝင်သွားပါသည်။ ဦးမင်းဇော်ဝင်း၏ စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပြီး ကျန်းမာချမ်းသာစွာဖြင့် ဂေါက်သီးရိုက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သူငယ်ချင်းများ

၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာသင်သားတို့အတွက်
ဝါရင့်အငြိမ်းစား ပါမောက္ခ ဆရာ၊ ဆရာမကြီးများကိုယ်တိုင် အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြုစုထားသော

အထူးထုတ်

**EXAM SPECIAL GUIDE**
**Set (A),(B),(C),(D)**

ခန့်မှန်းမေးခွန်း ၄ စုံနှင့် အမှတ်ပြည့်ရ စံပြအဖြေများ (သိပ္ပံ၊ ဝိပ္ပံ/ဝိဇ္ဇာ)

**ထွက်ပြီ**

အထူးထုတ်သည် သိပ္ပံ၊ ဝိပ္ပံ တစ်အုပ်နှင့် ဝိဇ္ဇာ တစ်အုပ်စီ ထွက်ရှိမည်ဖြစ်သည်။

ဖြန့်ချိရေး - စာပေတိုက် ■ ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၆၆၂၂

**ငွေပင့်ကူ**

Dec ၂၄ နှင့် Jan ၁ ထွက်မည်။

**အိမ်အကူ(မိန်းကလေး)**
အမြန်အလိုရှိသည်။
ဖုန်း-၀၉-၄၂၀၀၅၀၅၆၆၊
၀၉-၄၀၂၆၅၉၆၀၇



## NELC *Don't Worry, Just Speak!*
**Nelson English Language Centre**
ပြည်တွင်း၌ သာခန့်ထားရန်

1. Teacher (Full Time/ Part Time) — M/F ( 5 ) Posts
2. Pre-school Teacher (Full Time) — F ( 5 ) Posts
3. Assistant Teacher (Full Time) — M/F ( 5 ) Posts
4. Office Staff — M/F ( 5 ) Posts

အခြေခံလစာ ( ၁၀၀,၀၀၀ မှ ၁၅၀,၀၀၀ ) ပေးမည်။

